Seeking truth and justice for a peaceful democratic transition in Burma



# ၂၀၁၈

ဇန်နဝါရီ - ဒီဇင်ဘာ

# မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေ


office@nd-burma.org

www.nd-burma.org

လူ့အခွင့်အရေးမှတ်တမ်းတင်ကွန်ရက် (မြန်မာနိုင်ငံ)

မျက်နှာဖုံးဓာတ်ပုံ။ ဝိုင်းမော် စစ်ဘေးရှောင်စခန်းမှ ကလေးငယ်များပုံ (ဓာတ်ပုံ KWAT)

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) မှ ထုတ်ဝေသည်။

GPO 315, Chiang Mai 50000, Thailand
+66 (0) 53 304 404
office@nd-burma.org
www.nd-burma.org

# ကျေးဇူးတင်မှတ်တမ်း

လုံခြုံရေးအန္တရာယ် ရှိနေသည့်တိုင် အမှန်တရားကို ရဲဝံ့စွာ ထုတ်ဖော်ပြောဆိုပေးခဲ့သူများနှင့် စွန့်စွန့်စားစားအချက်အလက်ကောက်ယူပေးခဲ့သော ND-Burma ကွန်ရက်အဖွဲ့ဝင်အဖွဲ့အစည်းများမှ ကွင်းဆင်း သတင်းကောက်ယူသူ အားလုံးအား အထူးပင်ကျေးဇူးတင်ရှိပါသည်။

အစီရင်ခံစာဖြစ်မြောက်ရေးအတွက် အရေးကြီးသည့် အကူအညီများပေးခဲ့သည့် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများ အားလည်း အထူးပင် ကျေးဇူးတင်ကြောင်း ပြောကြားလိုပါသည်။

# ND-Burma အကြောင်း

ND-Burma ၏ အဖွဲ့ဝင် ၁၂ ဖွဲ့သည် တိုင်းရင်းသားများ၊ အမျိုးသမီးများနှင့် လိင်စိတ်ကွဲပြားသူများအား ကိုယ်စားပြုသည်။ နစ်နာခဲ့သူများ၏ တရားမျှတမှု ရရှိရေးအတွက် လူ့အခွင့်အရေးချိုးဖောက်မှုများကို ၂၀၀၄ ခုနှစ်မှစပြီး မှတ်တမ်းတင်နေသည့် အဖွဲ့အစည်းဖြစ်သည်။

## အဖွဲ့ဝင်အဖွဲ့အစည်းများ

၁။ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအဖွဲ့ (AAPP-B)

၂။ မွန်ပြည်လူ့အခွင့်အရေးအဖွဲ့ (Hurform)

၃။ ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ) (KWAT)

၄။ တအာင်းအမျိုးသမီးအဖွဲ့အစည်း (TWO)

၅။ တအာင်းကျောင်းသားနှင့် လူငယ်အဖွဲ့အစည်း (TSYO)

၆။ ထားဝယ်အမျိုးသမီးသမဂ္ဂ (TWU)

## ဆက်စပ်အဖွဲ့အစည်းများ

၁။ ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့် လူငယ်ကွန်ဂရက် (AASYC)

၂။ ချင်းလူ့အခွင့်အရေးအဖွဲ့ (CHRO)

၃။ ပအိုဝ်းလူငယ်အဖွဲ့ (PYO)

၄။ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူများအဖွဲ့ (HRDP)

၅။ နိုင်ငံရေးအကျဉ်းသားဟောင်းများကွန်ရက် (ပဲခူးအရှေ့ခြမ်း)

၆။ ရွှေ့ပြောင်းအသံအဖွဲ့ (PV)

# အချက်အလက် ကောက်ယူသည့် နည်းနာဗေဒ

## ကွင်းဆင်းသတင်းကောက်ယူသူများ၏အခြေအနေ

စစ်ပွဲများနှင့်ပတ်သက်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများ အကြီးအကျယ်ဖြစ်ပွားနေသည့် လက်ရှိမြန်မာ့နိုင်ငံရေးအခြေအနေတွင် စစ်တပ်သည် အရာရာကို ထိန်းချုပ်ထားသဖြင့် ကွင်းဆင်း သတင်းကောက်ယူသူများအတွက် လုံခြုံရေးသည် အကြီးအကျယ် စိုးရိမ်ရသည့်အခြေအနေတွင်ရှိပြီး လူ့အခွင့်အရေး မှတ်တမ်းတင်ခြင်းကို ပေါ်ပေါ်ထင်ထင် အန္တရာယ်ကင်းကင်း မဆောင် ရွက်နိုင်ပေ။

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)၊ ND-Burma ၏ ကွင်းဆင်းအချက်အလက် ကောက်ယူသူများသည် လူ့အခွင့်အရေးမှတ်တမ်းများ ကောက်ယူရာတွင် အကြီးအကျယ် အန္တရာယ်ရှိသည့် အခြေအနေနှင့် ရင်ဆိုင်ရသည်။ လုံခြုံရေးအခြေအနေကြောင့် လူ့အခွင့်အရေး မှတ်တမ်းတင်ခြင်းအား ထင်ထင်ပေါ်ပေါ် မလုပ်နိုင်သည့်အတွက် မြန်မာနိုင်ငံတဝှမ်းလုံးတွင် ဖြစ်ပျက်နေသော လူ့အခွင့်အရေး အခြေအနေအားလုံးအား ထပ်ဟပ် ဖော်ပြနိုင်ခြင်းမရှိပေ။

အပစ်အခတ်ရပ်စဲထားသည့် နေရာများတွင်ပင် စစ်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (EAOs) များက ကျူးလွန်ချိုးဖောက်ခံရသူများကို ဆိတ်ဆိတ်နေကြရန် မကြာခဏ ခြိမ်းခြောက်၊ သတိပေးနေ၍ ကွင်းဆင်း အချက်အလက်ကောက်ယူသူများနှင့် ၎င်းတို့ဆက်သွယ်သည့် ပြည်သူလူထုမှာ လုံခြုံရေးအန္တရာယ်ကို ကြုံတွေ့ရတတ်သည်။ တိုင်းရင်းသားဒေသများ အထူးသဖြင့် စစ်မက်ဖြစ်ပွားနေသည့် ဒေသများတွင် လူ့အခွင့်အရေး ချိုးဖောက်မှု မှတ်တမ်းတင်သည့်အခါ မတရားသည့် ဥပဒေများဖြင့် အရေးယူခံရခြင်း၊ ဟန့်တားနှောင့်ယှက်ခြင်းနှင့် အကြမ်းဖက် နှိပ်စက်ခြင်းများရင်ဆိုင်ကြုံတွေ့ရနိုင်ပါသည်။

**မှတ်တမ်းတင်ခြင်း – လူ့အခွင့်အရေးမှတ်တမ်းကွန်ရက်** (ND-Burma) သည် အစိုးရမဟုတ်သော နိုင်ငံတကာ လူ့အခွင့်ရေးအဖွဲ့များ၏ ကူညီမှုဖြင့် ကွန်ရက်အဖွဲ့ဝင်အဖွဲ့အစည်းများမှ ကွင်းဆင်းအချက်အလက် ကောက်ယူ သူများကို သင်တန်းပေးပါသည်။ ထို့နောက် ကွင်းဆင်းအချက်အလက် ကောက်ယူသူများသည် မြန်မာနိုင်ငံ၏ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် တွေ့ဆုံမေးမြန်းမှုများ လုပ်ဆောင်ကာ လူ့အခွင့်အရေးဆိုင်ရာ သတင်း အချက်အလက်များကို ကောက်ကူ စုဆောင်းသည်။

ရရှိသည့် အခွင့်အလမ်းနှင့် အခြေအနေအပေါ် မူတည်၍ ဖြစ်ရပ်တခုချင်းစီအား သတင်းအချက်အလက် ကောက်ယူရသည်။ ယခုအစီရင်ခံသည့် အချိန်ကာလအတွင်း ဖြစ်ရပ်များသည် အစိုးရစစ်တပ်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ (EAOs) များ ကျူးလွန်ထားသော ချိုးဖောက်မှုများ ဖြစ်ပါသည်။

သို့သော်လည်း မိမိတို့အနေဖြင့် သတင်းအချက်အလက်များ စုဆောင်းရန်အတွက် ကန့်သတ်ချက်တချို့နှင့် ကြုံတွေ့ရသည်။ လုံခြုံရေး တင်းကြပ်ထားမှုကြောင့် ND-Burma မှ ကွင်းဆင်းသတင်းကောက်ယူသူများသည် မြန်မာနိုင်ငံတဝှမ်း ဖြစ်ပွားနေသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများအား စုံလင်အောင် စုဆောင်း၊ မှတ်တမ်း တင်နိုင်ခြင်း မရှိခဲ့ပါ။

အစိုးရအနေဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပွားသည့်ဒေသများ အထူးသဖြင့် စစ်မက်ဖြစ်ပွားနေသည့် ဒေသများသို့ သွားလာခြင်းအား တင်းကြပ်စွာ ပိတ်ပင်ထားသည့်အတွက် ကွင်းဆင်း သတင်းကောက်ယူသူများသည် လုံခြုံရေးအခြေအနေအရ အဆိုပါဒေသများသို့ ဝင်ရောက်ခြင်းကို ရှောင်ရှားကြရသည်။ ထို့အပြင် ကျူးလွန်သူများက နှောင့်ယှက်ခြင်း၊ ဖမ်းဆီးခြင်းနှင့် လက်တုန့်ပြန်ခြင်းတို့ကို ကြောက်ရွံ့ရသည့်အတွက် လူ့အခွင့်အရေးချိုးဖောက်ခံရသူများသည် ထုတ်ဖော်ပြောဆိုရန် အခွင့်အရေး ရနေသည့်တိုင်အောင် ပြောဆိုရန် ဝန်လေးနေကြသည်။

ထို့ကြောင့် မိမိတို့၏ မှတ်တမ်းတင် ကြိုးပမ်းမှုသည် သုတေသနလုပ်သည့် နယ်မြေအတွင်းရှိ လူ့အခွင့်အရေး ချိုးဖောက်မှု တစ်ခုချင်းစီအတွက် အသေးစိတ် ပုံပန်းအသွင်အပြင်ကို ဖမ်းယူနိုင်ခြင်း မရှိပါ။ သို့သော်လည်း စိန်ခေါ်မှုများနှင့် အခက်အခဲများရှိနေသည့်ကြားမှ ကွင်းဆင်းသတင်း ကောက်ယူသူများ စုဆောင်းရရှိလာသည့် သတင်းအချက်အလက်များသည် မြန်မာနိုင်ငံအတွင်း ဆက်လက်ဖြစ်ပေါ်နေသည့် လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေကို မီးမောင်းထိုးပြရာတွင် အမြင့်မားဆုံး အကျိုးရှိစွာ အသုံးပြုနိုင်သည်။

**အချက်အလက်စီမံခန့်ခွဲမှု – လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (ND-Burma)** အဖွဲ့ဝင် အဖွဲ့အစည်းများမှ ကွင်းဆင်း အချက်အလက်ကောက်ယူ စုဆောင်းသူများသည် ရရှိလာသည့် အချက်အလက်များကို သက်ဆိုင်ရာ မိခင်အဖွဲ့အစည်းထံသို့ ပေးပို့သည်။ ထို့နောက် သက်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများက ကွန်ရက်မှ တစ်ပြေးညီအသုံးပြုသည့် Martus ခေါ် အချက်အလက်သိုမှီးသည့် စနစ်အတွင်း သတင်း အချက်အလက်များ ထည့်သွင်းသည်။

ND-Burma ၏ အချက်အလက် စီမံခန့်ခွဲရေးအဖွဲ့ (Data Management Team) က အချက်အလက်များအား စုစည်းသုံးသပ်ကာ အစီရင်ခံစာတွင် အသုံးပြုမည့် အစီရင်ခံသည့် ကာလအတွင်းရှိ ဖြစ်ရပ်မှန်များအား ရွေးချယ်ထုတ်နုတ်သည် (ယခု အစီရင်ခံသည့် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း)။ ယခုအစီရင်ခံစာ ကာလမတိုင်မီနှင့် လတ်တလော ဖြစ်ပွားနေသော တခြားသတင်းအချက်အလက်များကိုလည်း ပိုမို အားကောင်းသည့် သမိုင်းမှတ်တမ်းအဖြစ် သိမ်းဆည်းထားသည်။

# အစီရင်ခံစာ အနှစ်ချုပ်

- ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၁ ခုတွင် ဖြစ်ပွားခဲ့သော လူ့အခွင့်အရေး ချိုးဖောက်မှုများထဲမှ ၉၄ မှုကို ND-Burma မှ မှတ်တမ်းတင် နိုင်ခဲ့သည် (နောက်ဆက်တွဲ ၃ ကို ကြည့်ပါ)။ ချိုးဖောက်မှု ၅၂ ခုသည် ၂၀၁၈ ခုနှစ်အတွင်း ဖြစ်ပွားခဲ့ပြီး ကျန်သည့် ၄၂ ခုသည် ယခု အစီရင်ခံသည့် ကာလမတိုင်မီ ဖြစ်ပွားခဲ့သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများ ဖြစ်သည်။

- ၂၀၁၇ ခုနှစ်တွင်  ND-Burma မှ မှတ်တမ်းတင်ခဲ့သည့်နည်းတူ ပဋိပက္ခဆက်လက်ဖြစ်ပွားနေသည့် ကချင်နှင့် ရှမ်းပြည်မြောက်ပိုင်းတို့တွင် လူ့အခွင့်အရေးချိုးဖောက်မှု အများဆုံးဖြစ်ပွားသည်ကို ND-Burma အဖွဲ့ဝင်များမှ မှတ်တမ်းတင်ထားပါသည်။ ချိုးဖောက်မှု သုံးပုံတစ်ပုံကျော်သည် ကချင်ပြည်နယ် (ချိုးဖောက်မှု ၂၃ ခု) နှင့် ရှမ်းပြည်မြောက်ပိုင်း (၂၂ခု) တို့တွင် ဖြစ်ပွားကြခြင်းဖြစ်သည်။

- ချိုးဖောက်မှု အများစုတွင် ညှဉ်းပန်းနှိပ်စက်မှုနှင့် လူမဆန်စွာ ဆက်ဆံပြုမူခြင်း၊ တရားလက်လွတ် သတ်ဖြတ်ခြင်း၊ မတရား ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် အတင်းအကြပ် နှင်ထုတ်ခြင်း၊ မဆင်မခြင်ပစ်ခတ်ခြင်း၊ လေယာဉ်ဖြင့် ဗုံးကြဲခြင်းနှင့် မြေမြှုပ်မိုင်းကြောင့် ထိခိုက်၊ သေဆုံးရမှုများ ပါဝင်ပြီး ကျန်သည့် အချက်အလက်များမှာ သမိုင်းဝင်မှတ်တမ်းများနှင့် နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ အတွေ့အကြုံများဖြစ်သည်။

- လူ့အခွင့်အရေးချိုးဖောက်မှု အများစု (၇၄ မှု)ကို အစိုးရ လုံခြုံရေးတပ်များက ကျူးလွန်ချိုးဖောက်ခဲ့ကြခြင်းဖြစ်ပြီး ထိုအထဲတွင် ညှဉ်းပန်းနှိပ်စက်မှုနှင့် လူမဆန်စွာ ဆက်ဆံပြုမူခြင်း၊ တရားလက်လွတ် သတ်ဖြတ်ခြင်း၊ မတရားဖမ်းဆီး၊ ထိန်းသိမ်းခြင်းနှင့် အတင်းအကြပ်နှင်ထုတ်ခြင်း၊ မဆင်မခြင် ပစ်ခတ်ခြင်းနှင့် လေယာဉ်ဖြင့် ဗုံးကြဲခြင်းတို့ ပါဝင်ပါသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (EAOs) ၏ ချိုးဖောက်မှု (၅ ခု) ကိုလည်း ND-Burma အဖွဲ့ဝင်များက မှတ်တမ်းတင်ထားပြီး ထိုအထဲတွင် မတရားဖမ်းဆီး၊ ထိန်းသိမ်းခြင်း၊ အတင်းအကြပ်နှင်ထုတ်ခြင်း၊ အတင်းအကြပ် လူသစ်စုဆောင်းခြင်းနှင့် အဓမ္မခိုင်းစေခြင်း၊ ရပ်ရွာအတွင်း လက်နက် ကိုင်အဖွဲ့များ တိုက်ခိုက်မှုကြောင့် သေဆုံးခြင်းတို့ ပါဝင်ပါသည်။ အရပ်သားများမှ လူ့အခွင့်အရေး ချိုးဖောက်မှု ၂ ခုကို ကျူးလွန်ပြီး ၎င်းတို့မှာ လူကုန်ကူးမှုနှင့် ဘာသာရေးအရ ခွဲခြားမှုတို့ဖြစ်ပါသည်။ မြေမြှုပ်မိုင်းကြောင့် အရပ်သားများ ထိခိုက်၊ သေဆုံးသည့် အမှု ၁၃ မှု ရှိပြီး မည်သူ့လက်ချက်ဖြစ်ကြောင်း ထုတ်ဖော်နိုင်ခြင်းမရှိပါ။

- အစိုးရ လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် လူ့အသက်တစ်ချောင်းအပေါ် အလေးအနက်ထားမှု မရှိသည်ကို ND-Burma မှ ကောက်ခံရရှိသည့် မှတ်တမ်းများအရ အထင်အရှား ပြသနေပါသည်။

အထူးသဖြင့် စစ်မက်ဖြစ်ပွားနေသည့် ဒေသများတွင် အရပ်သားများနေထိုင်သည့် နေရာအနီးသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် မဆင်မခြင် ပစ်ခတ်ခြင်းဖြစ်သည်။ အရပ်သားများမှာ အစိုးရတပ်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များမှ ကျူးလွန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက် ရင်ဆိုင်နေရသည်။ လက်နက်ကိုင် ပဋိပက္ခများ အမြန်ဆုံးရပ်တန့်ရန်နှင့် အစိုးရမှ တာဝန်ယူဆောင်ရွက်သည့် ပြန်လည်ကုစားပေးလျော်မှု လုပ်ငန်းစဉ်သည် လူ့အခွင့်အရေးချိုးဖောက်ခံရမှုအတွက် သက်ရောက်မှုများနှင့် အပြစ်ကျူး လွန်သော်လည်း အပြစ်ပေးအရေးယူခံရခြင်းမှ ကင်းလွတ်နေမှုကို ရပ်ဆိုင်းစေရန်အတွက် မရှိမဖြစ်လိုအပ်သည်။

# အကျဉ်းချုပ်

## ပဋိပက္ခနှင့် ရွှေ့ပြောင်းရမှုများ

ယခုအစီရင်ခံသည့်ကာလအတွင်း ပျမ်းမျှ တိုက်ပွဲ ၁၉၀ ကြိမ်ဖြစ်ပွားပြီး အကျိုးဆက်အနေဖြင့် အရပ်သား ၃၂,၀၀၀ မှာ စစ်ပြေးဒုက္ခသည် အသစ်များဖြစ်လာသည်။[1] ယခုအစီရင်ခံစာ ရေးသားနေသည့် အချိန်တွင် ရှမ်းနှင့် ကချင်ပြည်နယ်တို့တွင် စစ်ဘေးဒုက္ခသည် ၁၀၆,၀၀၀ ခန့်သည် စစ်ရှောင်စခန်း ၁၇၂ နေရာတွင် နေထိုင်ကြရပြီး မြန်မာအစိုးရ ထိန်းချုပ်မှုအောက်တွင်မရှိသည့် ဒေသများရှိ စစ်ရှောင်စခန်းများသို့ လူသားချင်း စာနာသည့် အကူအညီများပေးရန် အကူအညီပေးရေးအဖွဲ့များက တောင်းဆိုနေသော်လည်း နေရာအတော်များများမှာ ငြင်းပယ်ခြင်းခံနေရသည်။[2] Fortify Rights မှ ၂၀၁၈ ခုနှစ် ဩဂုတ်လတွင် ထုတ်ဝေသည့် "အရာရာကို ပိတ်ဆို့ထားခြင်း" အစီရင်ခံစာအရ အကူ အညီများပေးဝေရန် ငြင်းပယ်ခြင်းနှင့် စစ်ရှောင် အမြောက်အများအတွက် အရေးပေါ် ထောက်ပံ့ရန် လိုအပ်သည့် ရိက္ခာ၊ ရေ၊ ယာယီခိုလှုံရာနေရာနှင့် တခြား အကူအညီများအား လက်ခံရယူ နိုင်ခြင်း မရှိစေရန် တင်းကြပ်စွာ ပိတ်ဆို့ထားခြင်းဖြင့် ကချင်ပြည်နယ်တွင် မြန်မာအာဏာပိုင်များက လူသားချင်းစာနာမှု အကူအညီများပေးရန် ငြင်းပယ်ခြင်းအား လက်နက်သဖွယ် အသုံးပြုနေသည်ကို မြင်သာအောင် ဖော်ပြနေပါသည်။[3] ရှမ်းနှင့် ကချင်ပြည်နယ်တို့အပြင် လက်နက်ကိုင် ပဋိပက္ခကြောင့် ကရင်ပြည် နယ် တွင် ခန့်မှန်းခြေ စစ်ရှောင် ၅,၆၀၀ နှင့် ရခိုင်ပြည်နယ်တွင် ၁၂၉ ,၀၀၀ ခန့် ရှိနေသည်။[4]

စစ်ရှောင် ၁၆၀,၀၀၀ လက်ရှိနေထိုင်နေသည့် ရခိုင်၊ ကချင်၊ ရှမ်းနှင့် ကရင်ပြည်နယ်တို့မှ စစ်ရှောင်စခန်းများအား ပိတ်ပစ်မည်ဟု ၂၀၁၈ ခုနှစ် ဇွန်လတွင် ထုတ်ပြန်ခဲ့သည့် အစိုးရ၏ကြေငြာချက်ကြောင့် ဝေဘန်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်ခဲ့သည်။[5] သို့သော်လည်း ဒီဇင်ဘာလတွင် လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာနမှ လွတ်လပ်စွာ သွားလာနိုင်မှု မရှိခြင်း၊ မြေမြှုပ်မိုင်းနှင့် နိုင်ငံသား ကိစ္စများကြောင့် လုပ်ငန်းဆောင်ရွက်ရန် အခက်အခဲဖြစ်သည်ဟု ဝန်ခံခဲ့သည်။[6]

---

1. Data from Myanmar Peace Monitor 2018 Dashboard.
2. OCHA, Myanmar: Kachin and northern Shan humanitarian access tracking (January 2019), 5 February 2019.
3. See, Fortify Rights, 30 August 2018, "'The Block Everything': Avoidable deprivations in humanitarian aid to ethnic civilians displaced by war in Kachin State, Myanmar".
4. OCHA, About OCHA Myanmar, accessed 11 February 2018.
5. The Myanmar Times, 05 June 2018, "Government launches talks to close all IDP camps".
6. The Myanmar Times, 03 December 2018, "Govt having difficult time closing refugee camps: minister".

## ကချင်ပြည်နယ်

ယခုအစီရင်ခံသည့် ၂၀၁၈ ဇန္နဝါရီမှ ဒီဇင်ဘာလအတွင်း ကချင်ပြည်နယ်တွင် ပဋိပက္ခများ အုံ့မခန်း တိုးပွားလာသည်။ ကချင်လွတ်လပ်ရေးတပ်မတော် (KIA) လက်နက်ကိုင်တိုက်ပွဲဝင်ခဲ့သည့် ၁၉၆၁ မှ စ၍ အစိုးရ စစ်တပ်သည် KIA အပေါ် အပြင်းထန်ဆုံးထိုးစစ် ဆင်နွှဲခဲ့သည်။[၇] အစီရင်ခံသည့် ကာလအတွင်း တိုက်ပွဲများ ဖြစ်ပွားပြီး အပြင်းထန်ဆုံးမှာ KIA ထိန်းချုပ်ထားသည့် စခန်း ၃ ခုအား စဉ်ဆက်မပြတ်တိုက်ခိုက်သည့် ဧပြီ လလယ်နှင့် မေလကုန်၊ KIA ဌာနချုပ်အနီး လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းနှင့် KIA ထိန်းချုပ်သည့် မန်စီအနားတွင် တိုက်လေယဉ်များ အသုံးပြုခဲ့သည့် နိုဝင်ဘာ၊ ဒီဇင်ဘာလများတွင် ဖြစ်သည်။

မဆင်မခြင်ပစ်ခတ်ခြင်းနှင့် ရပ်ရွာနှင့် အရပ်သားများရှိသည့် နေရာများသို့ ပစ်ခတ်ခြင်းကြောင့် အရပ်သား သေဆုံးမှုများဖြစ်စေသည် (ဖြစ်ရပ်မှန် ၂)။ စိုက်ခင်းများ (သို့မဟုတ်) အိမ်မွေးတိရိစ္ဆာန်များအား ထိန်းကျောင်းသူများ (ဖြစ်ရပ်မှန် ၃) နှင့် အစိုးရစစ်တပ်၏ တိုက်ခိုက်မှုကြောင့်ထွက်ပြေးလာသူများ (ဖြစ်ရပ်မှန် ၄ နှင့် ၅) တို့ အတွက် မြေမြှုပ်မိုင်းများက ဆက်လက် ခြိမ်းခြောက်နေသည်။ တနိုင်းမြို့နယ်တွင်မြန်မာစစ်တပ်မှလေယာဉ်ဖြင့်ဗုံးကြဲတိုက်ခိုက်သဖြင့်ရွာလုံးကျွတ်ထွက်ပြေးကြရပြီး တခြားစစ်ရှောင် ၃၀၀ ခန့်ရှိသည့် ယာယီ စစ်ရှောင်စခန်းသို့ ရောက်ရှိသည်အထိ မိုင်းထောင်ထားသည့်တောအား ၁ လခန့် မဖြစ်မနေ လမ်း လျှောက် ဖြတ်သန်းကြရသည် (ဖြစ်ရပ်မှန် ၄)။

အစီရင်ခံနေသည့်ကာလအတွင်း ပဋိပက္ခများ ကြီးထွားလာသည့်အတွက် မြစ်ကြီးနားမြို့တွင် စစ်ဆန့်ကျင်ရေး ဆန္ဒပြပွဲများနှင့် တိုက်ပွဲများရပ်တန့်ရန်နှင့် စစ်ရှောင်များအား ကာကွယ်ပေးရန် တောင်းဆိုသည့် ကချင်လူငယ်များ၏ လှုပ်ရှားမှုများ ပေါ်ပေါက်လာသည်။ နိုင်ငံတဝှန်းတွင်လည်း ၎င်း တို့ကိုထောက်ခံသည့် လှုပ်ရှားမှုများဖြစ်ပေါ်ခဲ့ပြီး ရန်ကုန်မြို့တွင် လူ ၃၀၀ ခန့် ဆန္ဒပြခဲ့သည်။ ၎င်း လှုပ်ရှားမှုများကို တုန့်ပြန်သည့် အနေဖြင့် ဒီဇင်ဘာလတွင် မြစ်ကြီးနားမြို့ရှိ စစ်ဆန့်ကျင်ရေး လှုပ်ရှားသူ ခေါင်းဆောင် ၃ ဦးအား စစ်တပ်ကို အသရေ ဖျက်မှုဖြင့် ထောင် ၆ လ ချမှတ်ခဲ့သည်။[၈]

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း KIA ထိန်းချုပ်နယ်မြေရှိ ပဋိပက္ခကြောင့် ထွက်ပြေးရသူ စစ်ရှောင်များအတွက် နိုင်ငံတကာ လူသားချင်းစာနာမှု အကူအညီများအား မြန်မာအာဏာပိုင်များက ဆက်လက်ပိတ်ဆို့ထားသည်။ ၂၀၁၈ခုနှစ်ဩဂုတ်လတွင် Fortify Rights မှထုတ်ပြန်သည့်အစီရင်ခံစာတွင် တရုတ် နိုင်ငံသည် မြန်မာအာဏာပိုင်များနှင့် ပူးပေါင်း၍ နှစ်နိုင်ငံနယ်စပ်တလျှောက်ရှိ ပဋိပက္ခ၏ ဆိုးကျိုးများကို ခံစားနေရသူများအတွက် လူသားချင်းစာနာသည့် အကူအညီများအား ငြင်းပယ်ခြင်းကို လက်နက်သဖွယ် အသုံးပြုနေပြီး လူသားချင်းစာနာသည့် အကူအညီပေးရေးအဖွဲ့များအား အဆိုပါ ဒေသသို့ ဝင်ရောက်ခွင့်ကို ပိတ်ပင်ထားသည်ဟု ဖော်ပြထားသည်။[၉]

ဖွန်လသို့ ပြန်ကြည့်လျှင် အစိုးရက ဒေသခံဘာသာရေးအဖွဲ့ဖြစ်သည့် မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များ ကောင်စီ (MCCs) သို့ စာပေးပို့ပြီး အသင်းတော်အဖွဲ့ဝင်များအနေဖြင့် KIA

---

7. Anthony Davis writing in Asia Times, 30 May 2018, “A vision for war without end in Myanmar”.
8. The Irrawaddy, 07 December 2018, “Six months behind bars for Kachin peaceful protesters.”
9. See, Fortify Rights, 30 August 2018, “’The Block Everything’: Avoidable deprivations in humanitarian aid to ethnic civilians displaced by war in Kachin State, Myanmar”.

ထိန်းချုပ်ရာဒေသသို့ အကူအညီများ ဆက်လက်ပေးပို့ပါက မတရားသင်းဥပဒေ ပုဒ်မ ၁၇/၁ ဖြင့် အရေးယူခံရမည်ဖြစ်ကြောင်း ခြိမ်းခြောက်ခဲ့သည်။ လူသားချင်းစာနာသည့် အကူအညီပေးပို့မှုအား တက်ကြွစွာ ဆောင်ရွက်နေသည့် ကချင်နှစ်ချင်းအသင်းတော် (KCB) က အမိန့်ကိုနာခံရပြီး KIA ထိန်းချုပ်ဒေသရှိ စစ်ရှောင်များအား ကူညီရန် တခြားနည်းလမ်းများကို ရှာဖွေရသည်ဟု ပြောသည်။ သို့သော် လည်း နိုဝင်ဘာလတွင် KCB အဖွဲ့ဝင် ၁၅ ဦးကို လိုင်ဇာအနီးတွင် မတရားသင်း ဥပဒေဖြင့် စစ်တပ်က ဖမ်းဆီးခဲ့သည်။ ရက်အနည်းငယ်အကြာတွင်မူ ၎င်းတို့ကို ပြန်လွှတ်ပေးခဲ့သည်။[10]

ယခုအစီရင်ခံစာကို ထုတ်ပြန်သည့်အချိန်တွင် စစ်ရှောင်အများစုမှာ ၎င်းတို့နေရပ်သို့ မပြန်နိုင်သေးပေ။ နောက်ထပ် ဖြစ်လာနိုင်စရာရှိသည့် တိုက်ပွဲများနှင့် လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်မှုကို စိုးရိမ်သဖြင့် နေရပ်စွန့်ခွာ ထွက်ပြေးလာသူများသည် ၎င်းတို့နေအိမ်များ ဖျက်ဆီးမခံရစေကာမူ အိမ်မပြန်ရဲလောက်အောင် ကြောက်ရွံ့နေကြသည် (ဖြစ်ရပ်မှန် ၅)။ မြန်မာစစ်တပ်မှလည်း ၎င်းတို့ရွာအတွင်း စစ်စခန်းများချထားသည့်အတွက် စစ်ရှောင်အများစုမှာ အိမ်ပြန်နိုင်ကြပေ။ မိုင်းများ ထပ်မံထောင်ထားသည့်အတွက်လည်း စစ်ရှောင်များ အိမ်ပြန်ရန်နှင့် ထွန်ယက်စိုက် ပျိုးရန်အတွက် အန္တရာယ်ကြီးနေပါသည်။

## ရှမ်းပြည်မြောက်ပိုင်း

ရှမ်းပြည်မြောက်ပိုင်းတွင် အစိုးရစစ်တပ်နှင့် တအာန်းလွတ်မြောက်ရေးတပ်မတော် (TNLA) အကြား တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသည်။ လူ ၁၉ ယောက်သေဆုံးသည့် လုံခြုံရေးစခန်းနှင့် ကာစီနိုအား ဝင်ရောက်တိုက်ခိုက်သည့် တိုက်ပွဲဖြစ်ပြီးနောက်ပိုင်း TNLA အား အစိုးရစစ်တပ်မှအရှိန်မြင့်ထိုးစစ်ဆင်ခဲ့သည်။[11] စက်တင်ဘာနှောင်းပိုင်းနှင့် အောက်တိုဘာ အစပိုင်းတွင် မူဆယ်နှင့် ကွတ်ခိုင်မြို့နယ်တို့တွင် နောက်ထပ် တိုက်ပွဲများ ဖြစ်ပွားပြီး ရွာသူ၊ ရွာသား ၂၀၀ ခန့် တိုက်ပွဲများကြောင့် ထွက်ပြေးကြရသည်။[12]

အရပ်သားများနေထိုင်သည့် နေရာများအား အစိုးရစစ်တပ်မှ ဆက်လက်၍ ပစ်ခတ်တိုက်ခိုက်သည့်အတွက် ရွာသားများ ထိခိုက်၊ သေဆုံးရသည်။ ကွတ်ခိုင်မြို့နယ်တွင် တမခ ၈၈ မှ ရွာအနီးသို့ မဆင်မခြင် လက်နက်ကြီး ဖြင့် ပစ်ခတ်သဖြင့် ကလေးတစ်ဦးနှင့် ကိုယ်ဝန်ဆောင် အမျိုးသမီးနှစ်ဦးအပါအဝင် ရွာသား ၈ ဦး ဒဏ်ရာရရှိ သွားပြီး ၈ နှစ် အရွယ် ကလေးတဦး သေဆုံးခဲ့ရသည် (ဖြစ်ရပ်မှန် ၁)။ ရှမ်းပြည်နယ်တွင် အရပ်သားများအ တွက် မိုင်းအန္တရာယ် ကြီးမားစွာရှိနေပြီး နမ့်ဆန်မြို့နယ်တွင် တခြားရွာသို့သွားရောက်စဉ် လက်ဖက်ခင်းတွင် ခေတ္တအနားယူနေသည့် အမျိုးသမီး ၄ ဦး မိုင်းနင်းမိပြီး အကြီးအကျယ် ဒဏ်ရာရရှိသွားသည် (ဖြစ်ရပ်မှန် ၆)။

10. The Irrawaddy, 05 November 2018, "Military frees last of Baptist group members in Kachin, NGO says".
11. Frontier Myanmar, 12 May 2018, "Nineteen dead in fighting between Myanmar army and TNLA: military".
12. The Irrawaddy, 01 October 2018, "TNLA, Tatmadaw engage in two days of clashes near Muse".

ယခုအစီရင်ခံသည့် ကာလအတွင်း အရပ်သားများအပေါ် မတရားဖမ်းဆီးခြင်းနှင့် အတင်းအကြပ် ရွှေ့ပြောင်းမှုများ မြင့်တက်လာသည်ကို မှတ်တမ်းတင်နိုင်ခဲ့သည်။ စက်တင်ဘာလတွင် ရှမ်းပြည် ပြည်လည် တည်ထောင်ရေး ကောင်စီ (RCSS/SSA) မှ မြန်မာစစ်သားနှစ်ဦးကို ဖမ်းဆီး၍ ပျောက်ဆုံးခဲ့သည်ဟု စွပ်စွဲကာ စစ်တပ်က မုန်ပန်မြို့နယ်ရှိ ရှမ်းရွာသား ၇ ဦးအား ဖမ်းဆီးခဲ့သည်။ သို့သော်လည်း ရွာသားများမှာ တစ်ပတ် အကြာတွင် ပြန်လည်လွတ်မြောက်လာသည်။[၁၃]

ဩဂုတ်လတွင် RCSS/SSA စစ်သားများက နမ့်တူမြို့နယ်ရှိ ရွာသား ၃ ဦးအား TNLA နှင့် ဆက်သွယ်မှုရှိသည်ဟု သံသယဖြင့် ဖမ်းဆီးခဲ့သည်။ ရွာသားများမှာ ညှဉ်းပန်းနှိပ်စက်ခံရပြီး ၎င်းတို့ ပိုက်ဆံများအား လုယက် ယူငင်ခံရပြီးနောက် နှစ်ရက်အကြာတွင် ပြန်လွတ်လာသည် (ဖြစ်ရပ်မှန် ၇)။ မတ်လနှင့် ဇူလိုင်လတို့တွင် သီးခြားစီဖြစ်ပွားသည့် ဖြစ်ရပ် နှစ်ခုတွင် RCSS/SSA စစ်သားများက တအာင်းအရပ်သား ၅ ဦးနှင့် တခြားရွာမှ ရွာသား ၄ ဦးအား TNLA နှင့်ဆက်သွယ် သည်ဟုဆိုကာ ဖမ်းဆီးခဲ့သည် (ဖြစ်ရပ်မှန် ၈ နှင့် ၉)။ ဖမ်းဆီးခံရသူ ၉ ဦးကို RCSS/SSA မှ ဖမ်းဆီးစဉ်မှ စပြီး ယခု အစီရင်ခံစာထုတ်ပြန်သည့်အချိန်အထိ လွတ်မြောက်လာခြင်းမရှိပါ။

အစီရင်ခံသည့် ကာလအတွင်း TNLA နှင့် RCSS/SSA တို့အကြား တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသည်။ အကျိုးဆက်အနေဖြင့် မကြခဏ တိုက်ပွဲဖြစ်ပွားခြင်း၊ လက်နက်ကြီး လက်နက်ငယ်များဖြင့် ပစ်ခတ်ခြင်းကြောင့် အရပ်သားများ သေဆုံးကြရသည်။ ဩဂုတ်လမှ စက်တင်ဘာလအထိ နမ့်တူမြို့နယ်တွင် တိုက်ပွဲများပြင်းထန်စွာ ဖြစ်ပွားသဖြင့် အရပ်သား ၂၀၀၀ ခန့် နေရပ်ရင်းကို စွန့်ခွာထွက်ပြေးကြရသည်။[၁၄]

## ရခိုင်ပြည်နယ်

အစီရင်ခံသည့်ကာလအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည်များ ပြန်လည်လက်ခံရေးအတွက် မြန်မာအစိုးရသည် ကုလသမဂ္ဂနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့သည်ကိုတွေ့ရသည်။ ၂၀၁၇ ခုနှစ် စစ်တပ်၏ အကြမ်းဖက်စစ်ဆင်ရေးအတွင်း မွတ်စလင် ၇၀၀,၀၀၀ သိန်းခန့် ထွက်ပြေးသွားကြပြီး ဘင်္ဂလားဒေ့ရှ် နိုင်ငံရှိ ဒုက္ခသည်စခန်းများတွင် နေထိုင်နေကြသည်။ အစိုးရ၏ ပြန်လည်နေရာချထားရေး စီမံကိန်းသည် မွတ်စလင် အသိုင်းအဝိုင်းအား အစိုးရအနေဖြင့် ကောင်းစွာ ထိန်းချုပ်စောင့်ကြည့်ကာ ရခိုင်ပြည်နယ် လူဦးရေ အချိုးအစားအား "လူမှုရေးအရ ပြန်လည်ခန့်ခွဲခြင်း" လုပ်ဆောင်ရန် ကြိုးပမ်းမှုအဖြစ် ဝေဖန်ကြသည်။[၁၅] လက်ရှိပြန်လည်နေရာချထားရေး လုပ်ငန်းစဉ်အောက်တွင် မွတ်စလင်ဒုက္ခသည်များ မြန်မာနိုင်ငံသို့ ဘေးကင်းစွာ ပြန်ပို့ရေးနှင့် ပတ်သက်ပြီးဆက်လက် ၍ စိုးရိမ်မှုများ ဖြစ်ပေါ်စေသည်။

ဖေဖော်ဝါရီလတွင် ရခိုင်ပြည်နယ်၏မြို့တော် စစ်တွေတွင် မည်သူ၏ လက်ချက်ဖြစ်ကြောင်း မသိရသည့် ဗုံးကွဲမှု ဖြစ်ပွားပြီး နိုင်ငံရေးအကျဉ်းသား ကိုနိုင်စိုးအပါအဝင် ၇ ဦး ဖမ်းဆီးခံရသည်။ အမှု

13. The Irrawaddy, 27 September 2018, "Army frees Shan civilians detained over soldiers' disappearance".
14. Mizzima, 05 September 2018, "Fierce fighting reported between RCSS and TNLA/SSPP".
15. Reuters, 18 December 2018, "Erasing the Rohingya: Point of no return".

အတွက် စွဲချက်မတင်ဘဲ မတ်လတွင် ၎င်းအပါအဝင် ကျန်သည့် အဖမ်းခံရသူ ၄ ဦးကို အာမခံဖြင့် လွှတ်ပေးခဲ့သည်။ ဩဂုတ်လတွင် တရားမဝင် နယ်စပ်ဖြတ်ကျော်မှုဖြင့် လူ ၂ ဦးအား ထောင်ဒဏ် ၆ လ ချမှတ်ခဲ့သည်။ ၎င်းတို့အား အကြိမ်ကြိမ် စစ်ဆေးပြီး အိပ်စက်မရအောင်လည်း ပြုလုပ်ခဲ့သည်ဟု သတင်းများထွက်ပေါ်လာသည်။[၁၆] ထိုသူ နှစ်ဦးမှာ ယခုအချိန်တွင် အကြမ်းဖက်မှုဖြင့် စွဲချက်တင်ခံထား ရသည်။

၂၀၁၈ ခုနှစ်၏ နောက်ဆုံး ၃ လပတ်တွင် ရခိုင့်တပ်မတော် (AA) နှင့် မြန်မာစစ်တပ်တို့ ရခိုင်ပြည်နယ် ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်တို့တွင် တိုက်ပွဲများ တစ်ကျော့ပြန် ဖြစ်ပွားခဲ့သည်ကို တွေ့ရသည်။ ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ဒီဇင်ဘာလအတွင်း နေ့စဉ် တိုက်ပွဲများဖြစ်ပွားပြီးနောက် ရွာသား ၇၀၀ ကျော် စစ်ရှောင် ဒုက္ခသည်များအဖြစ် နေထိုင်ကြရသည်။[၁၇]

## ကရင်ပြည်နယ်

ကရင်အမျိုးသားအစည်းအရုံး (KNU) အနေဖြင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ် (NCA) ကို ၂၀၁၅ ခုနှစ်တွင် လက်မှတ်ထိုးထားသော်လည်း အစိုးရစစ်တပ်နှင့် KNU အကြားတိုက်ပွဲများ ပိုမို ဖြစ်ပွားလာသည်။ မတ်လတွင် အစိုးရစစ်တပ်က လမ်းဖောက်လုပ်ရေးလုပ်ငန်းများ ပြန်စရန် KNU တပ်မဟာ ၅ နယ်မြေသို့ ဝင်ရောက်လာပြီးနောက် တိုက်ပွဲများဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထိုသို့ကျူးကျော်ဝင်ရောက်ခြင်းသည် စစ်တပ်၏ နယ်မြေတိုးချဲ့ခြင်းဟု KNU အနေဖြင့် မှတ်ယူပါသည်။ တိုက်ပွဲများဖြစ်ပွားသည့်အတွက် ရွာသား ၂,၀၀၀ ခန့် စစ်ရှောင်များအဖြစ် ရွှေ့ပြောင်းနေထိုင်ကြရသည်။ ဩဂုတ်လ တွင်လည်း နှစ်ဖွဲ့အကြား တိုက်ပွဲများ ထပ်မံ ဖြစ်ပွားခဲ့သည် ။[၁၈]

# ပဋိပက္ခနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်

အစိုးရအနေဖြင့် တတိယအကြိမ်မြောက် ၂၁ ရာစု ပင်လုံငြိမ်းချမ်းရေးညီလာခံကို ဇူလိုင်လ ၁၁ ရက်မှ ၁၆ ရက် အထိ ကျင်းပခဲ့သည်။ ညီလာခံသို့ အစိုးရ၊ စစ်တပ်၊ နိုင်ငံရေးပါတီနှင့် အနာဂတ် ဖက်ဒရယ်ပြည်ထောင်စုအတွက် အခြေခံမူများချမှတ်မည့် ပြည်ထောင်စု ငြိမ်းချမ်းရေးစာချုပ်မူကြမ်းကို ညှိနှိုင်းဆွေးနွေးနေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ ၅ ရက်တာ ဆွေးနွေးပွဲများမှ အခြေခံမူသစ် ၁၄ ချက်ကို သဘောတူကြသဖြင့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးကိစ္စများ ပါဝင်သည့် အခြေခံမူ စုစုပေါင်း ၅၁ ချက်ကို သဘောတူမှု ရရှိလာခြင်းဖြစ်သည်။

16. The Irrawaddy, 10 August 2018, “Sittwe bombing suspects get six months for illegal border crossing”.
17. The Irrawaddy, 20 December 2018, “Over 700 people flee homes as Tatmadaw, AA clash in northern Rakhine”.
18. The Irrawaddy, 30 August 2018, “Clashes break out between Myanmar Army and KNLA”.

အောက်တိုဘာလတွင် အစိုးရနှင့် NCA လက်မှတ်ရေးထိုးထားသည့် EAOs များ ၂ ရက်ကြာ တွေ့ဆုံပြီး စေ့စပ်ဆွေးနွေးပွဲများတွင် သဘောတူညီမှုမရသေးသည့် အဓိကအချက် ၂ ချက်ဖြစ်သည့် ပြည်ထောင်စုမှ မခွဲထွက်ရေးနှင့် တစ်ခုတည်းသော တပ်မတော်ဖွဲ့စည်းရေးအတွက် ဆွေးနွေးရန် လမ်းညွှန်ချက်များ ချမှတ်ခဲ့သည်။ ၄ ကြိမ်မြောက် ၂၁ ရာစု ပင်လုံညီလာခံကို ၂၀၁၉ ခုနှစ် အစောပိုင်းတွင် ကျင်းပရန် သဘောတူကြသည်။




*ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးအခမ်းအနား နေပြည်တော်။ ဓါတ်ပုံ - Eleven Media*

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် မွန်ပြည်သစ်ပါတီ (NMSP) နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) တို့မှ NCA ကို လက်မှတ်ရေးထိုးခဲ့သဖြင့် လက်မှတ်ထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့ ဖြစ်လာသည်။[၁၉] NCA ကို လက်မှတ်ရေးထိုးသည့် အဖွဲ့များသာလျှင် ပင်လုံညီလာခံသို့ တရားဝင်တက်ရောက် ဆွေးနွေးခွင့်ရှိပြီး လက်မှတ်မထိုးသည့်အဖွဲ့များမှာ နောက်ဆုံးကျင်းပခဲ့သည့် ညီလာခံသို့ လေ့လာသူများအဖြစ်သာ တက်ရောက်ရန် ဖိတ်ကြားခံရသည်။ ၎င်းတို့မှာနိုင်ငံရေးမဟာမိတ်ဖြစ်ပြီး အဖွဲ့ဝင်အချို့သည် စစ်တပ်နှင့် တိုက်ပွဲများဖြစ်ပွားနေသည့် ပြည်ထောင်စုနိုင်ငံရေး ဆွေးနွေးညှိနှိုင်းရေးကော်မတီ (FPPNC) အဖွဲ့ဝင် ၇ ဖွဲ့လုံး ဖြစ်သည်။[၂၀] ယခု အစီရင်ခံသည့်ကာလအတွင်း စစ်တပ်၊ အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအကြား အလွတ်သဘောတွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။[၂၁]

19. Signatories at the time of writing were: New Mon State Party (NMSP), Lahu Democratic Union (LDU), Karen National Union (KNU), Karen National Liberation Army-Peace Council (KNLA-PC), Democratic Karen Benevolent Army (DKBA), Restoration Council of Shan State/Shan State Army-South (RCSS/SSA-S), All Burma Students Democratic Front (ABSDF), Chin National Front (CNF), and Pa-O National Liberation Organization (PNLO).
20. Members at the time of writing were: United Wa State Army (UWSA); Kachin Independence Army (KIA); National Democratic Alliance Army (NDAA); Shan State Progress Party (SSPP); TNLA; Arakan Army (AA); and Myanmar National Democratic Alliance Army (MNDAA).
21. For example, the military and KIA held two bilateral meetings in February and the government's Peace Commision held meetings with the Shan State Progressive Party (SSPP) in May. Source: Myanmar Peace Monitor 2018 Dashboard.

NCA လက်မှတ်ရေးထိုးထားသည့် အဖွဲ့အချို့က အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ပြုလုပ်ရာတွင် စစ်တပ်၏နှောင့်ယှက်ဟန့်တားမှုများရှိသည်ဟု ဆိုသည်။ ထိုဆွေးနွေးပွဲများသည် NCA လက်မှတ်ထိုးသည့်အဖွဲ့များအားငှင်းတို့နယ်မြေအတွင်းရှိလူထု၊ လူတန်းစားအလွှာလွှာအသီးသီးအား ဖိတ်ခေါ်၍ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများအတွက် တင်ပြလိုသည့် ဆွေးနွေးချက်များရရှိစေရန် ခွင့်ပြု ထားခြင်းဖြစ်သည်။ NCA သဘောတူချက်တွင် ထည့်သွင်းဖော်ပြထားသော်လည်း မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဆွေးနွေးပွဲများအတွက် ပြင်ဆင်မှုများပြုလုပ်ရာတွင် စစ်တပ်၏ ဟန့်တား နှောင့်ယှက်ခြင်းခံရသည်။[၂၂]

ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ တိုးတက်လာစေရန်အတွက် မြန်မာနိုင်ငံ မြောက်ပိုင်းနှင့် အရှေ့ မြောက်ပိုင်းရှိ ပဋိပက္ခ ဖြစ်ပွားနေသည့် ဒေသများအားလုံးတွင် လေးလကြာတစ်ဖက်သတ် အပစ် အခတ် ရပ်စဲကြောင်း ဒီဇင်ဘာလ တွင် တပ်မတော်မှ ကြေညာခဲ့သည်။[၂၃] များမကြာမီပင် မြောက်ပိုင်း မဟာမိတ်များဖြစ်သည့် KIA, TNLA, AA နှင့် မြန်မာအမျိုးသား ဒီမိုကရေစီ မဟာမိတ်တပ်မတော် (MNDAA) တို့က ကြေငြာချက်ထုတ်ပြန်ပြီး မြန်မာ့တပ်မတော်အနေဖြင့် အဓိပ္ပာယ်ရှိသည့် ငြိမ်းချမ်း ရေးဆွေးနွေးပွဲများဖြစ်ပေါ်လာစေရန် ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ AA အဖွဲ့အား တိုက်ခိုက် နေမှုများကို အဆုံးသတ်ရမည် တောင်းဆိုခဲ့သည်။[၂၄]

## လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခြင်း

အစီရင်ခံသည့်ကာလအတွင်း အစိုးရသည် သတင်းဌာနများ၊ သတင်းသမားများနှင့် အရပ် သားများအား ပစ်မှတ်ထားပြီး လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခြင်းနှင့် စုဝေးခွင့်ကို ဥပဒေပိုင်း ဆိုင်ရာ နှောင့်ယှက်ခြင်းနှင့် အကြမ်းဖက်မှုများဖြင့် နှိမ်နင်းနေသည်ကို တွေ့ရသည်။

နိုင်ငံတကာမှ အာရုံစိုက်ခံရသော ဖြစ်ရပ်တစ်ခုတွင် ရိုက်တာသတင်းထောက်နှစ်ဦးအား ဖမ်းဆီး၍ ကိုလိုနီခေတ်က အသုံးပြုခဲ့သည့် နိုင်ငံတော်လျှို့ဝှက်ချက်ဥပဒေဖြင့် တရားစွဲဆိုခဲ့ပြီး စက်တင်ဘာလတွင် ၎င်းတို့အား ထောင်ဒဏ် ၇ နှစ် ချမှတ်ခဲ့ပါသည်။ ၎င်းအမှုသည် ထောင်ချောက် ဆင် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်ဟု အများက ယုံကြည်ကြသည်။ ၂၀၁၇ ခုနှစ် နှောင်းပိုင်းလောက်တွင် ပေါ်ပေါက်ခဲ့သည့် မွတ်စလင်ဆန့်ကျင်ရေး လှုပ်ရှားမှုများနောက်ပိုင်း ရခိုင်ပြည်နယ်အတွင်း အစုလိုက် မြှုပ်ထားသည့် သက်သေအထောက်အထားများအား ရဲတပ်ဖွဲ့ထံမှ ရယူပြီးနောက် ကိုဝလုံးနှင့် ကိုကျော်စိုးဦးတို့အား ၂၀၁၇ ခုနှစ်တွင် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ဧပြီလတွင် အမှုနှင့်ပတ်သက်ပြီး သက် သေအထောက်အထား ခြေခြေမြစ်မြစ်မရှိ၍ ရုပ်သိမ်းပေးရန် တောင်းဆိုမှုကို ပယ်ချခဲ့သည်။ များမကြာ မီကပင် သတင်းထောက်နှစ်ဦးအား ဖမ်းဆီးခဲ့သည့် ရဲအရာရှိက ၎င်းတို့နှစ်ဦးအား ထောင်ချောက် ဆင်ဖမ်းဆီးရန် အထက်မှအမိန့်ပေးခဲ့ကြောင်း ဝန်ခံပြောဆိုခဲ့သည်။ ထိုရဲအရာရှိမှာလည်း ရဲစည်းကမ်း

22. For example, see Human Rights Foundation of Monland, 19 March 2018, "Burma Army orders the NMSP to limit the number of attendees at planned NCA forums".
23. The Irrawaddy, 21 December 2018, "Tatmadaw announces four-month ceasefire in north, northeast".
24. The Irrawaddy, 28 December 2018, "Northern alliance demands ceasefire covers Rakhine State."

ထိန်းသိမ်းရေး ဥပဒေဖြင့် ဖမ်းဆီးခံရပြီး ထောင်တစ်နှစ် ချမှတ်ခြင်းခံရသည်။ ၎င်းတို့အား စစ်ဆေးနေစဉ်အတွင်း ကိုဝလုံးနှင့် ကိုကျော်စိုးဦးတို့အား မျက်နှာဖုံးစွပ်ပြီး အချိန်အတော်ကြာ ဒူးထောက် ခိုင်းထားကြောင်းနှင့် ၃ ရက် ကျော်ကြာ မအိပ်ရအောင်ထားကြောင်း တရားရုံးတွင် ကိုဝလုံး က ထွက်ဆိုခဲ့သည်။

ရန်ကုန်တိုင်းအစိုးရ၏ မြို့တော်ဘတ်ဂျက်နှင့် ပြည်သူ့ရန်ပုံငွေအသုံးပြုပုံနှင့် ပတ်သက်ပြီး မဟုတ်မမှန် ရေးသားခဲ့သည်ဆိုကာ အောက်တိုဘာလတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရမှ တရားစွဲဆိုပြီးနောက် Eleven သတင်းဌာနမှ အယ်ဒီတာနှစ်ဦးနှင့် သတင်းထောက်တဦးအား ဖမ်းဆီးကာ အင်းစိန်အကျဉ်းထောင်တွင်ထိန်းသိမ်းခဲ့သည်။[၂၅] မီဒီယာဥပဒေအရအပြင်းပွားမှုကိုတရားရုံးပြင်ပတွင် အရင်ဆုံးဖြေရှင်းရန် သမ္မတရုံးမှ အမိန့်ထုတ်သည့်တိုင်အောင် ရန်ကုန်တိုင်း အစိုးရသည် အမှုအားရုပ်သိမ်းပေးရန် ငြင်းဆိုပြီး Eleven သတင်းဌာနအနေဖြင့် အစိုးရသတင်းစာမှ တစ်ဆင့် လူသိရှင်ကြား တောင်းပန်ရမည်ဟု တောင်းဆိုခဲ့သည်။

အစီရင်ခံသည့်ကာလအတွင်း လွတ်လပ်စွာစုရုံးခွင့်နှင့် ဆန္ဒဖော်ထုတ်ခွင့်ကို ပြင်းပြင်းထန်ထန် တင်းကြပ်စွာ ထိန်းချုပ်ထားသည်ကိုလည်း တွေ့ရပါသည်။ အရေးပါသည့် ဖြစ်ရပ်အချို့အရ လွတ်လပ်စွာစုရုံးခွင့်နှင့် ဆန္ဒထုတ်ဖော်ခွင့်အား လူထုကျင့်သုံးနိုင်သည့် နေရာအနေအထားအား ကျဉ်းမြောင်းအောင် ချုံ့ပစ်လိုက်သည်ကို ညွှန်ပြနေသည်။ ဇန္နဝါရီလ ရခိုင်ပြည်နယ်တွင် လူ ၄၀၀၀ ခန့် ဆန္ဒပြမှုကို ရဲတပ်ဖွဲ့က အကြမ်းဖက်ဖြိုခွဲရာ လူ ၇ ဦး သေဆုံးပြီး ၁၂ ဦး ဒဏ်ရာရခဲ့သည်။ ၁၈ ရာစုတွင် ရခိုင်ဘုရင့်နိုင်ငံတော် ကျဆုံးခဲ့သည့် အထိမ်းအမှတ် အခမ်းအနားအား ခွင့်ပြုချက်ထုတ်ပေးရန် ငြင်းပယ်သည့် ရခိုင်အစိုးရ၏ ဆုံးဖြတ်ချက်ကို ကန့်ကွက် ဆန္ဒပြကြခြင်းဖြစ်သည်။ ဆန္ဒပြပွဲတွင်ပါဝင်သည့် လူ ၈ ဦးကို ခန့်မှန်းခြေ ၈ လခန့် ထောင်ထဲတွင် ထိန်းသိမ်း ခဲ့သည်။ ၎င်းတို့အား စက်တင်ဘာလတွင် ပြန်လွှတ်ပေးသော်လည်း လွှတ်ပြီးပြီးချင်းမှာပင် ပြန်လည်ဖမ်းဆီးခဲ့ပြီး ၎င်းတို့အား နိုင်ငံတော်အလံ ဥပဒေအရ ထပ်မံစွဲဆိုမည်ဟု ရဲတပ်ဖွဲ့က ပြောဆိုသည်။[၂၆]




ရခိုင့်နိုင်ငံတော်အချုပ်အခြာအာဏာ ကျဆုံးခြင်း အောက်မေ့ဖွယ်အခမ်းအနားကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၆ ရက်နေ့ညက ရခိုင်ပြည်နယ် မြောက်ဦးမြို့မှာ ကျင်းပစဉ်။ (Photo: Hay Man Oo)

25. The Irrawaddy, 11 October 2018, “Yangon gov’t demands apology from Eleven Media”.
26. The Irrawaddy, 25 September 2018, “Eight Arakanese re-arrested after completing sentence for Mrauk-U protest”.

ကချင်ပြည်နယ်တွင် စစ်ဆန့်ကျင်ရေးဆန္ဒပြပွဲများ ဧပြီလကုန်မှ စတင်ကာ မေလ အစပိုင်းအထိဖြစ်ပွားခဲ့သည်။ ဆန္ဒပြပွဲများဦးဆောင်သူ ၃ ဦးက စစ်တပ်သည် ကချင်ပြည်သူများအပေါ် လူ့အခွင့်အရေးချိုးဖောက်နေသည်ဟု စွပ်စွဲကာ စစ်ရှောင်များအား အကာအကွယ်ပေးရန် တောင်းဆိုပြီးနောက် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်က ၎င်းတို့ ၃ ဦးအား အသရေဖျက်မှုဖြင့် တရားစွဲခဲ့သည်။ ဒီဇင်ဘာလတွင် ၎င်းတို့ ၃ ဦးအား စစ်တပ်အား အသရေဖျက်မှုဖြင့် ထောင်ဒဏ် ၆ လစီ ချမှတ်ခဲ့သည်။

ဆန္ဒပြပွဲဦးဆောင်သူ နောက်ထပ် ၂ ဦး ကိုလည်း ပုဒ်မ ၁၉ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် ဥပဒေဖြင့် ဒဏ်ရိုက်ခဲ့သည်။ ၎င်းတို့ကို ထောက်ခံသည့် ဆန္ဒပြပွဲကို ရန်ကုန်တွင် မေလ လယ်က ပြုလုပ်ခဲ့ရာတွင် ရဲက အကြမ်းဖက်ဖြိုခွဲပြီး ဦးဆောင်သူ ၁၇ ဦးအား လူထုမငြိမ်မသက် ဖြစ်စေရန်နှင့် ခွင့်ပြုချက်မရှိဘဲ ဆန္ဒပြမှုဖြင့် ဖမ်းဆီးတရားစွဲခံရသည်။[၂၇] စက်တင်ဘာလတွင် ကဗျာဆရာ ၂ ဦးနှင့် ငြိမ်းချမ်းရေးလှုပ်ရှားသူ ၁ ဦးအား မေလတွင် ပြုလုပ်သည့် ဆန္ဒပြပွဲတွင်ပါဝင်ခဲ့၍ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် ဥပဒေကို ချိုးဖောက်သည်ဟုဆိုကာ ဒဏ်ငွေဆောင်ရန် (သို့မဟုတ်) ထောင်ဒဏ် ၁၅ ရက် ကျခံရန် ချမှတ်ခဲ့သည်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ဆိတ်သုဉ်းနေခြင်းနှင့် တရားစီရင်ရေးစနစ် အားနည်းချက်ကို ထုတ်ဖော် ပြသသည့်အနေဖြင့် ၎င်းတို့က ထောင်ဒဏ်ကိုရွေးချယ်ခဲ့ကြသည်။

ဇွန်လတွင် ကချင်ပြည်နယ်တွင် စစ်ပွဲများပြန်လည်ဖြစ်ပွားသည့် ၇ နှစ်မြောက် အထိမ်းအမှတ်ပွဲ မကျင်းပရန် ရန်ကုန်အာဏာပိုင်များက တားမြစ်ခဲ့သည်။ အာဏာပိုင်များထံမှ ကြိုတင်ခွင့်ပြုချက်ရထားသော်လည်း နှစ်ပတ်လည်အခမ်းအနားဆုတောင်းပွဲကို မြစ်ကြီးနားမြို့တွင်ဦးဆောင်ကျင်းပသူများကို ပုဒ်မ ၁၉ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် ဥပဒေဖြင့် တရားစွဲခဲ့သည်။ ထို့အပြင် ကလေးစစ်သားစုဆောင်းမှုနှင့် ပတ်သက်ပြီး ဧရာတိုင်းဒေသကြီးတွင် အချက်အလက် စုဆောင်းနေသည့် သတင်းထောက် ၃ ဦး အားလည်း စစ်တပ်မှ ခေတ္တထိန်းသိမ်းခဲ့သည်။[၂၈]

## တရားမျှတမှု

အစီရင်ခံသည့်ကာလအတွင်းတွင် လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် အစိုးရ၏ လုံခြုံရေးတပ်များကို တာဝန်ယူ၊ တာဝန်ခံမှုရှိစေရန် နိုင်ငံတကာ၏ ဖိအားပေးမှုများကိုတွေ့ရသည်။ ဥရောပသမဂ္ဂနှင့် ကနေဒါက စစ်တပ်၊ ရဲနှင့် နယ်ခြားစောင့်တပ်တို့မှ တပ်မှူး ၇ ဦးကို ပိတ်ဆို့အရေးယူမှုများ ပြုလုပ်ခဲ့သည်။[၂၉] စစ်တပ် အနေဖြင့် တိုက်ရိုက်တုန့်ပြန်မှု မရှိသော်လည်း အရေးယူခံရသည့် ဗိုလ်ချုပ်တယောက်ကို အနားယူခွင့်ပြုပြီး နောက်ထပ်တစ်ယောက်ကိုလည်း အရေးယူမှုနှင့် သက်ဆိုင်ခြင်းမရှိသည့် အကြောင်းပြချက်ဖြင့် ထုတ်ပယ်ခဲ့သည်။

27. For more background on the repression of the Mytkyina and Yangon protests see: Progressive Voice, July 2018, "Time to Hear Our Voices, Freedom of Assembly and the Youth Peace Movement in Myanmar".
28. Frontier Myanmar, 24 June 2018, "Three Myanmar Now reporters detained at Yegyi military Camp".
29. Council Implementing Regulation (EU) 2018/898 of 25 June 2018 implementing Regulation (EU) No 401/2013 concerning restrictive measures in respect of Myanmar/Burma.

မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် ယန်ဟီလီးကလည်း မြန်မာနိုင်ငံကို နိုင်ငံတကာ ရာဇဝတ်ခုံရုံး (ICC) သို့ လွှဲပြောင်းရန် တိုက်တွန်းပြီး လူ့အခွင့်ရေးချိုးဖောက်မှုများစွာ အတွက် တာဝန်ရှိသူများကို စုံစမ်းစစ်ဆေးရန်နှင့် တရားစွဲနိုင်မည်ဖြစ်သည်။ ICC စုံစမ်းစစ်ဆေးရေးများ အတွက် ပြင်ဆင်သည့်အနေဖြင့် နိုင်ငံတကာ တာဝန်ယူ၊ တာဝန်ခံမှု ယန္တရားတစ်ရပ်အားလည်း ဖွဲ့စည်း ရန် သူမက အဆိုပြုခဲ့သည်။[၃၀]

လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းဖော်ထုတ်ရန် ကုလသမဂ္ဂမှ ဖွဲ့စည်းပေးထားသည့် အချက်အလက် ရှာဖွေရေးကော်မရှင်ကဲ့သို့ပင် ယန်လီဟီးမှာလည်း တိုင်းပြည်သို့ ဝင်ရောက်ခွင့်ကို ပိတ်ပင်ခံထားရသည်။ လူ့အခွင့်အရေးချိုးဖောက်မှုများကိုစုံစမ်းစစ်ဆေးရန်ပြည်တွင်းမှအဖွဲ့ဝင် ၂ဦးနှင့် ပြည်ပမှ အဖွဲ့ဝင် ၂ ဦး ပါဝင် ဖွဲ့စည်းထားသည့် နိုင်ငံတကာ ကော်မရှင်တရပ်ကို အစိုးရမှ ဖွဲ့စည်းခဲ့သည်။ အလားတူ ယခင်ကဖွဲ့စည်းခဲ့သည့် ကော်မရှင်များသည် စစ်သားများ ကျူးလွန်သည့်လုပ်ရပ်များအပေါ် အရေးမယူဘဲ ဖြေလျော့ပေးခဲ့ကြသည်။[၃၁]



ရိုဟင်ဂျာဒုက္ခသည်များ မြန်မာနိုင်ငံမှ နေဘင်္ဂလားဒေ့ရှ်ဒုက္ခသည်စခန်းသို့သွားလာနေပုံ။
ဓါတ်ပုံ - REUTERS/Jorge Silva

၂၀၁၇ ခုနှစ်၏ နောက်ဆုံး သုံးလပတ်ကာလတွင် ခန့်မှန်းခြေအားဖြင့် မွတ်စလင် ၇၀၀,၀၀၀ ခန့်ထွက်ပြေးကြရသည့် မြန်မာစစ်တပ်၏ ရခိုင်ပြည်နယ်အတွင်း လူ့အခွင့်အရေးချိုးဖောက်မှုကို ပြင်းထန်စွာ ရှုံ့ချထားသည့် ကုလသမဂ္ဂ၏ အစီရင်ခံစာ ဩဂုတ်လတွင် ထွက်လာသည်။[၃၂] အစီရင်ခံစာတွင် စစ်တပ်အဆင့်မြင့် ထိပ်ပိုင်းခေါင်းဆောင် ၇ ဦးအား ဖြစ်ပွားခဲ့သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများစွာအတွက် ခုံရုံးတင်တရားစွဲဆိုရန် ညွှန်းဆိုပြီး မြန်မာနိုင်ငံ အခြေအနေကို ICC သို့ လွှဲပြောင်းရန် အကြံပြုထားသည်။ အစီရင်ခံစာကို တုန့်ပြန်သည့် အနေဖြင့် မြန်မာအစိုးရသည် ကုလသမဂ္ဂ အစီရင်ခံစာ

30. Oral update by Ms. Yanghee Lee, Special Rapporteur on the Situation of Human Rights in Myanmar at the 38th session of the Human Rights Council, 27 June 2018.
31. Human Rights Watch, 07 August 2017, "Burma: National Commission Denies Atrocities".
32. Human Rights Council, 39th Session, 10–28 September, Report of the Independent International Fact-Finding Mission on Myanmar.

တွင် စွပ်စွဲချက်များကို ပယ်ချပြီး ၂၀၁၇ အကုန်ပိုင်းတွင် စစ်တပ်မှ မွတ်စလင်များ အပေါ် နှိပ်ကွပ်ခြင်းကို ကာကွယ်ပြောဆိုခဲ့သည်။

လူ့အခွင့်အရေးချိုးဖောက်သည်ဟု စွပ်စွဲခံရသည့် အောက်ခြေစစ်သားများအား စစ်တပ်မှ အရေးယူမှုများလည်း ရှိခဲ့သည်။ ကချင်ရွာသား ၃ ဦးအားသတ်ဖြတ်မှုဖြင့် ဇန်နဝါရီလတွင် စစ်သား ၆ ယောက်အား အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀ နှစ်စီ ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် မွတ်စလင်များကို သတ်ဖြတ်မှု ဖြင့် ဧပြီလတွင် စစ်သား ၇ ဦးကို ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့သည်။ သတ်ဖြတ်ခံရသူများကို ရိုက်တာ သတင်းထောက်နှစ်ဦး စုံစမ်းဖော်ထုတ်နေသည့် အစုအပြုံလိုက် မြှုပ်နှံထားသည့်နေရာတွင် တွေ့ရှိရသည်။ သတင်းထောက်နှစ်ဦးမှာ ထောင် ၇ နှစ်စီ ချမှတ် ခြင်းခံရသည် (အထက်တွင်ဖော်ပြခဲ့သည့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခြင်း အပိုင်းတွင် ကြည့်ရန်)။ အမှုများအားလုံးကို လျှို့ဝှက်စစ်ခုံရုံးများတွင် ကြားနာ စစ်ဆေးခဲ့ခြင်း ဖြစ်သည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာလကုန်တွင် နိုင်ငံရေးယုံကြည်ချက်ကြောင့် လူ ၂၉၂ ဦး တရားရင်ဆိုင်နေရပြီး ၅၆ ဦးမှာ အကျဉ်းထောင်တွင်းမှဖြစ်ကာ ၂၃၆ ဦးမှာ အာမခံဖြင့် လွတ်မြောက်ပြီး အမှုရင်ဆိုင်နေရသည်။ ဧပြီလတွင် အစိုးရ၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် နိုင်ငံရေးအကျဉ်းသား ၃၆ ဦးလွတ်မြောက်ခဲ့ပြီး ရှမ်းပြည်မြောက်ပိုင်းတွင် စစ်တပ်၏ တိုက်ခိုက်မှုကို စုံစမ်းနေသည့် သတင်းထောက်များအား အကူအညီပေးပြီးနောက် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် မတရားသင်းဥပဒေ ၁၇/၁ ဖြင့် ဖမ်းဆီးထောင်ချခံရသည့်ကချင်သင်းအုပ်ဆရာ ၂ဦးလည်းအပါအဝင်ဖြစ်သည်။ ၂၀၁၂ခုနှစ်တွင်မတရားသင်းဥပဒေဖြင့် ဖမ်းဆီးခံရကာ ဆိုးဆိုးရွားရွား ညှဉ်းပန်းနှိပ်စက် ခံရသည့် ကချင်လယ်သမား တဦးဖြစ်သူ လဖိုင်ဂမ်လည်း လွတ်မြောက်လာသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းများမှာ အကျဉ်းထောင်မှလွတ်လာပြီးနောက် မည်သည့်ပေးလျော် ကုစားပေးမှုမှ မရရှိပဲ၊ အစိုးရတွင် "နိုင်ငံရေးအကျဉ်းသား" ဆိုသည့် ဝေါဟာရကို တရားဝင် အဓိပ္ပာယ်ဖွင့်ဆိုထားမှုလည်း မရှိသည့်အတွက် ၎င်းတို့အနေဖြင့် နိုင်ငံရေးအကျဉ်းသားများအား တရားဝင်အသိအမှတ်မပြုသည့် သဘောပင်ဖြစ်သည်။ ဇန္နဝါရီလတွင် နိုင်ငံရေးအကျဉ်းသားဟောင်း ကိုဆန်းဇော်ထွေးနှင့် ကိုဇော်မင်းတို့ အသည်းရောဂါဖြင့် ကွယ်လွန် ခဲ့ကြသည်။

၎င်းတို့ ရောဂါခံစားရမှုက အကျဉ်းထောင်တွင်း ဆိုးရွားသည့်အခြေအနေအောက်တွင် နှစ်ပေါင်းများစွာ နေထိုင်ခဲ့ရခြင်းကြောင့်ဖြစ်သည်ကို ဖော်ပြနေသည်။ နှစ်ဦးစလုံးမှာ အစိုးရ၏ အသိအမှတ်ပြုမှုနှင့် ပြန်လည် ကုစားပေးလျော်မှုများ မရရှိခဲ့ပေ။

ယခုအစီရင်ခံသည့်ကာလအတွင်း အစိုးရအနေဖြင့် လူ့အခွင့်အရေး ချိုးဖောက်ခံရသူများအပေါ် အဓိပ္ပာယ်ရှိသည့် ပြန်လည်ကုစားပေးလျော်မှု တစုံတရာ ဆောင်ရွက်ပေးခြင်းမရှိပေ။ အရပ်ဖက်အဖွဲ့အစည်းများကသာ နစ်နာခဲ့သူများအား ထောက်ပံ့ပေးနေသည်ကို တွေ့ရသည်။ ဖေဖော်ဝါရီလတွင် နိုင်ငံရေးအကျဉ်းသားဟောင်းများအား အခမဲ့ဆေးကုသပေးမည့် ကျန်းမာရေးစောင့် ရှောက်မှုပေးသည့် ဌာနတခုကို ရန်ကုန်မြို့တွင် ဖွင့်လှစ်ခဲ့သည်။ ဌာနအား တက်ကြွလှုပ်ရှားသူများနှင့် နိုင်ငံရေးအကျဉ်းသားဟောင်းများက တာဝန်ယူဖွင့်လှစ်ခြင်းဖြစ်သည်။ ယခုအစီရင်ခံသည့် ကာလအတွင်း ပဲခူးမြို့တွင် ၈၈၈၈ အထိမ်းအမှတ် ကျောက်တိုင်ကို စိုက်ထူခဲ့သည်။

# ဖြစ်ရပ်မှန်များ

**ဖြစ်ရပ်မှန် (၁)။ ၂၀၁၈ ခုနှစ် ဖွန်လ ၂၈ ရက်တွင် စစ်တပ်မှ လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ကွတ်ခိုင်မြို့နယ် အတွင်းရှိ.....ရွာမှ ရွာသား ၇ ဦး ဒဏ်ရာရကာ ၁ ဦး သေဆုံးသွားခြင်း (တအာင်းအမျိုးသမီး အစည်းအရုံးမှ မှတ်တမ်းတင်ထားသည်)။**

အစိုးရစစ်တပ် တပ်မ (၈၈) မှ ၂၀၁၈ ခုနှစ် ဖွန်လ ၂၈ ရက် နံနက်စောစောတွင် ရှမ်းပြည်မြောက်ပိုင်းမူဆယ်ခရိုင်ကွတ်ခိုင်မြို့နယ် - - - - - - ကျေးရွာတွင်တပ်စွဲထားသည့်တအာင်းအမျိုးသားလွတ်မြောက်ရေး တပ်မတော် TNLA ကို လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ ရွာသားတဦးမှ "ဗမာတပ်ဘက်ကစပြီး ဘုန်းကြီးကျောင်း အထက်ကနေလက်နက်ကြီးတွေနဲ့ အရင်ပစ်တာ။ အိမ်တွေလည်းထိတယ်။ ပြီးတော့ ဗမာစစ်တပ်က ဆိုင်ကယ်၊ ကားတွေခေါ်ပြီး ဒဏ်ရာရတဲ့သူတွေကို ကွတ်ခိုင်မှာရှိတဲ့ တပ်ဆေးရုံကို ပို့လိုက်တယ်။ ဒဏ်ရာတွေ အရမ်းပြင်းထန်တယ်၊ ရွာသားတွေလည်း အရမ်း ကြောက်နေကြတယ်" ဟုပြောသည်။



လက်နက်ကြီးဒဏ်ရာကြောင့် သေဆုံးသွားသော ကလေးငယ်ပုံ၊
ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်။ (ဓါတ်ပုံ - TWO)

လက်နက်ကြီးပစ်ခတ်မှုကြောင့် ကိုယ်ဝန်ဆောင် ၂ ဦး၊ အသက် ၇ နှစ်နှင့် ၈ နှစ်အရွယ် ကလေး ၂ ဦးအပါအဝင် ရွာသား ၈ ဦး ဒဏ်ရာရရှိသွားသည်။ ၈ နှစ် အရွယ် ကလေးမှာ ကျောကုန်းတွင် လက်နက်ကြီးစ ထိမှန်ပြီး ဆေးရုံသို့ ပို့ဆောင်စဉ် ဒဏ်ရာပြင်းထန်၍ လမ်းတွင်သေဆုံးသွားသည်။ ကျန်ရစ်သည့် ဒဏ်ရာရရှိသူများကို ဆေးရုံတွင် အခမဲ့ကုသပေးသော်လည်း တချို့မှာ နာတာရှည် ကျန်းမာရေးပြဿနာများ ဆက်လက်ရှိနေသည်။

**ဖြစ်ရပ်မှန် (၂)။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့တွင် အစိုးရစစ်တပ် စစ်သားများက ကချင်ပြည်နယ်၊ ကာမိုင်း မြို့နယ်ခွဲရှိ -----ရွာမှ ရွာသားတဦးအား ပစ်သတ်ခြင်း။ (ကချင်အမျိုးသမီးအစည်းအရုံး - ထိုင်းနိုင်ငံမှ မှတ်တမ်းတင်ထားသည်)။**

၂၀၁၈ ခုနှစ် ဇန်လဝါရီလ ၂ ရက်နေ့ နံနက် ၆း၃၀ နာရီအချိန်တွင် လယ်သမားတဦးဖြစ်သူ ဦး------အား ခ.လ.ရ (၂၅၅) မှ ကင်းပုန်းဝပ်နေသော တာဝန်ကျစစ်သားများက ပစ်သတ်ခဲ့ခြင်း ဖြစ်ပါသည်။

ဦး------ သည် မိမိနေအိမ်မှ အိမ်သာတက်ရန် အိမ်နောက်ဖက်သို့ ဓာတ်မီးထိုး၍ သွားနေစဉ် စစ်သားများ၏ ပတ်ခတ်ခြင်းခံရသည်။ ၎င်းအပစ်ခံရပြီးနောက် စစ်သားများမှ မဆင်မခြင် တရစပ် ရမ်းသမ်းပစ်ခတ်ခဲ့ပြီး လက်နက်ကြီးဖြင့်လည်း ရွာအတွင်းသို့ ပစ်ခတ်ခဲ့သည်။ ပျမ်းမျှခြင်းအား ဖြင့် ၁၅ မိနစ်ခန့် ထိုသို့ ပစ်ခတ်ခဲ့သည်။ စစ်တပ်အနေဖြင့် ရွာအတွင်း ရန်သူရှိသည်ဟုဆိုကာ ပစ်ခတ်ခဲ့ ခြင်းဖြစ်သော်လည်း ရွာသားများ၏ အပြောအရ စစ်တပ်မှ ပစ်ခတ်ခြင်းကိုသာ ကြားရသည်ဆိုသည်။ ဦး----၏ ဇနီးနှင့် ကလေးများအား ဈာပနအတွက် ကျပ် ၅သိန်း (အမေရိကန် ဒေါ်လာ ၃၂၇.၁၃) ပေးအပ်ခဲ့ပြီး ဗိုလ်မှူးအောင်အောင်က ဦး----အား တမင်ရည်ရွယ်၍ ပစ်ခတ်ခဲ့ခြင်းမဟုတ်ဟု ပြောဆိုခဲ့သည်။

**ဖြစ်ရပ်မှန် ၃။ ကချင်ပြည်နယ်တွင် အသက် ၅၈ နှစ်အရွယ် ရွာသားတဦး မိုင်းနင်းမိပြီး ခြေတစ်ဖက် ဆုံးရှုံးသွားခြင်း။ (ကချင်အမျိုးသမီးအစည်းအရုံး - ထိုင်းနိုင်ငံမှ မှတ်တမ်းတင်ထားသည်)။**

၂၀၁၈ ခုနှစ် မေလ ၁၀ ရက်နေ့တွင် အသက် ၅၈ နှစ်အရွယ် ဦး......သည် နွားစားကျက်တွင် ၎င်းပိုင်နွားများကို သွားကြည့်စဉ် မိုင်းနင်းမိခြင်းဖြစ်သည်။ ၎င်းအားဆွေမျိုးများက မြစ်ကြီးနားဆေးရုံ သို့ပို့လိုက်သည်။ ဆေးရုံတွင် ၎င်း၏ဘယ်ဘက်ခြေတစ်ဖက် ဖြတ်လိုက်ရသည်။ ဦး----သည် နာလန်ပြန်ထူလာစေရန် ၄ လခန့် အိမ်တွင် နေရသည့်အတွက် မိသားစုမှာ စားဝတ်နေရေး ကြပ် တည်းလျှက်ရှိသည်။ ၎င်း၏ တူမကို တွေ့ဆုံမေးမြန်းသည့်အခါ မိုင်းကို မည်သည့်အဖွဲ့က ထောင် ထားမှန်းမသိသော်လည်း အဆိုပါဒေသတွင် အစိုးရစစ်တပ်နှင့် KIA အကြား တိုက်ပွဲများဖြစ်ပွား လေ့ရှိသည်ဟု ဆိုပါသည်။

**ဖြစ်ရပ်မှန် ၄။ ၂၀၁၈ ခုနှစ် ဧပြီ ၁၁ ရက်တွင် အစိုးရစစ်တပ်က တနိုင်းမြို့နယ်အတွင်းရှိ......ရွာအား လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်း။ (ကချင်အမျိုးသမီးအစည်းအရုံး - ထိုင်းနိုင်ငံမှ မှတ်တမ်း တင်ထား သည်)။**

၂၀၁၈ ခုနှစ် ဧပြီလ ၁၁ ရက်၊ နေ့လည် ၁ နာရီခွဲခန့်တွင် အစိုးရစစ်တပ်မှ ......ရွာအနီးသို့ ဗုံးကြဲခဲ့သည်။ အမျိုးသမီးတဦး၏ အပြောအရ "ကျမတို့ရွာက KIA တပ်တွေနဲ့ နီးနေတယ်။ ရွာသား ၅၀ လောက် မိုင်းတွေနဲ့ ပြည့်နေတဲ့.....ကို စစ်ရှောင်နေကြရတယ်။ ကျမတို့ အဲဒီမှာ ၄ ရက်လောက်နေပြီးတော့ နောက်တစ်နေရာမှာ ၂ ရက်လောက် နေကြတယ်"။ အစိုးရစစ်တပ်က သူတို့ရွာကို ရောက်လာသည်ဟု ကြားသည့်အတွက် တခြားစစ်ရှောင် ၃၀၀ ခန့်ရောက်နေသည့် ယာယီ

စစ်ရှောင်စခန်းသို့ သွားရောက်ကြသည်။

*"ကျမတို့ တစ်လနီးပါးလောက် တောထဲကို လမ်းလျှောက်ဖြတ်ကြရတယ်။ လမ်းမှာ ၅ ရက်လောက် နားရသေးတယ်။ ဘာလို့လဲဆိုတော့ လူတော်တော်များများက မျက်လုံး ကောင်းကောင်း မမြင်တဲ့သူတွေ၊ ကျန်းမာရေးမကောင်းတဲ့သူတွေ၊ သက်ကြီးရွယ်အိုတွေနဲ့ ကလေးတွေဖြစ်ပြီး လမ်းမလျှောက်နိုင်ကြလို့။ ကျမတို့မှာ စားစရာတွေပါလာရင် အားလုံး တယောက်နဲ့တယောက် ဝေမျှစားသောက်လို့ရတယ်။ ဒါပေမယ့် ကျမတို့ ထွက်ပြေးလာ တုန်းက စားစရာတွေ ပါမလာကြဘူး။ ရက်တော်တော်များများ ကျမတို့ ဘာမှမစားရဘူး။ နို့စို့ကလေးတွေကိုရှေ့မှာချီပိုးထားကြပြီးတချို့ကလေးတွေကိုမိခင်တွေကကျောမှာပိုးထား ကြရတယ်။ တချို့အမျိုးသမီးတွေမှာ လမ်းမှာပဲ ကလေးမွေးကြတယ်။"*

အစိုးရစစ်တပ်၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ရွာသားအချို့ ဒဏ်ရာရကြပြီး အနည်းဆုံး တစ်ဦး သေဆုံးခဲ့သည်။ ရွာသားများသည် လောလောဆယ်တွင် နောင်နန် စစ်ရှောင်စခန်းတွင် နေထိုင်ကြပြီး ထပ်မံ ရွှေ့ပြောင်းရမည်ကို စိုးရိမ်နေကြသည်။

**ဖြစ်ရပ်မှန် (၅)။ ၂၀၁၈ ခုနှစ် ဧပြီလ ၁၁ ရက်နေ့တွင် ကချင်ပြည်နယ် တနိုင်းမြို့နယ်ရှိ .......ရွာသို့ အစိုးရစစ်တပ်မှ လေယာဉ်ဖြင့်ဗုံးကြဲတိုက်ခိုက်သဖြင့် ရွာသားများ ဒဏ်ရာရသွားခြင်း။ (ကချင်အမျိုး သမီး အစည်းအရုံး-ထိုင်းနိုင်ငံမှ မှတ်တမ်းတင်ထားသည်)။**

၂၀၁၈ ခုနှစ် ဧပြီလ ၁၁ ရက်နေ့တွင် စစ်တပ်မှ လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်သည့်အတွက် ဦး.... မှာ ဒဏ်ရာအပြင်းအထန် ရရှိသွားသည်။ လေယာဉ်သံကြားသည်နှင့် ဦး....သည် သူ၏ဇနီးနှင့် သားအား အိမ်အနီးရှိ ဗုံးခိုကျင်းတွင် ပုန်းအောင်းရန် ပြောသည်။ သူကိုယ်တိုင် ဗုံးခိုကျင်းအနားအရောက်တွင် ဘယ်ဘက်လက်မောင်းကို ဗုံးစထိမှန်သွားသည်။

*"ကျနော့် လက်မောင်းကို ထိတဲ့အချိန်မှာ မိန်းမက ဘာမှ မလုပ်တတ်ပဲ ငိုပဲငိုနေတယ်။ ကျနော်တို့ပုန်းနေတဲ့ဗုံးခိုကျင်းနားကိုကျည်ဆန်ဖြတ်သွားသံတွေကြားနေရတယ်။ ဒဏ်ရာ ရထားတဲ့ လက်မောင်းက သွေးတွေ တအားထွက်နေတယ်။ ဒါပေမယ့် ကျနော့်မိန်းမနဲ့ သားရှိနေတော့ ခံနိုင်ရည်ရှိအောင် အားတင်းရတယ်"။*

၎င်းအား KIO ဆေးရုံသို့ ခေါ်သွားပြီး ဆေးကုသမှု ခံယူစေခဲ့သည်။ ဆေးကုသမှုခံပြီး ထိုနေ့ တွင်ပင် ရွာသို့ ပြန်သွားရာ ဗုံးဒဏ်ကြောင့် ၎င်း၏အိမ်မှာ လုံးဝပျက်စီးသွားသည်။ ထို့နောက် တခြားရွာ သားများနည်းတူ သူလည်း ရွာမှ ထွက်ပြေးခဲ့သည်။

*"အရမ်း ဒုက္ခရောက်တဲ့အချိန်ပါပဲ။ လမ်းမှာ ကျနော့်ကို KIA က သူနာပြုတွေက စောင့် ရှောက်ပေးပါတယ်။ သူတို့လည်း ကျနော်နဲ့ အတူမလိုက်နိုင်ကြတော့ ဆေးတွေပဲပေးလိုက် တယ်။ လမ်းတလျှောက်လုံး သောက်ဖို့ပေါ့။ ကျနော်တို့ ရက် ၂၀ လောက် လမ်းလျှောက်ခဲ့ကြ တယ်။ ကျနော်တို့ စားစရာတွေရှာပြီး ဖြစ်နိုင်သမျှ အသက်ရှင်အောင် နေခဲ့ကြတယ်။ ကျနော် တို့ ဆားနဲ့ ငရုပ်ကောင်း နည်းနည်းသယ်ခဲ့တယ်။ ကျနော်ကတော့ ဘာမှ မသယ်နိုင်ဘူး။ ကျနော့်မိန်းမနဲ့ သူ့ညီမပဲ ကျနော့်အတွက် သယ်ပေးတယ်"။*

**ဖြစ်ရပ်မှန် (၆)။ ၂၀၁၈ ခုနှစ် မေလ ၁၂ ရက်တွင် ရှမ်းပြည်မြောက်ပိုင်း နမ့်ဆန်မြို့နယ်ရှိ ……ရွာတွင် ရွာသား ၄ ဦး လက်ဖက်ခင်းအတွင်း မိုင်းနင်းမိ၍ ဒဏ်ရာရသွားခြင်း။ (ပလောင်အမျိုးသမီး အစည်းအရုံးမှ မှတ်တမ်းတင်ထားသည်)။**



မြေမြှုပ်မိုင်းကြောင့် အမျိုးသမီးတစ်ဦး ဆေးရုံတွင်ဆေးကုသမှုခံယူနေပုံ
ရှမ်းပြည်နယ်၊ နမ်ဆမ်။ (ဓါတ်ပုံ - TWO)

လက်ဖက်ခင်းအတွင်း ခေတ္တနားနေသည့် ရွာသား ၄ ဦးဖြစ်သည့် ဒေါ်အေ…. (၃၀ နှစ်)၊ ဒေါ်အို…..(၅၀နှစ်)၊ မဇာ…..(၁၄ နှစ်) နှင့် မ နာ (၂၀ နှစ်) တို့သည် မိုင်းနင်းမိပြီး ဒဏ်ရာရရှိသွားရာတွင် အကူအညီတောင်းနိုင်ခဲ့ပြီး နမ့်ဆန်ဆေးရုံသို့ ပို့ဆောင်ခံရသည်။ ၎င်းတို့ဒဏ်ရာမှာ ပြင်းထန်သည့်အတွက် လားရှိုးဆေးရုံသို့ လွှဲပြောင်းပေးခဲ့သည်။ ဒေါ်အေ….နှင့် မနာ…တို့မှာ တစ်လကျော်ကြာ ဆေးရုံတွင်ကုသခဲ့ရပြီး ဒေါ်အိုနှင့် မဇာတို့မှာ ၂ ပတ် အကြာတွင် ဆေးရုံမှ ဆင်းနိုင်ခဲ့သည်။ မည်သည့်အဖွဲ့က ထောင်ထားသည့် မိုင်းဆိုသည်မှာ မသဲကွဲသော်လည်း အမည်မသိ လက်နက်ကိုင်အဖွဲ့တဖွဲ့က မိုင်းမပေါက်ကွဲမီ ၃ ရက်အလိုတွင် စစ်ရေးလေ့ကျင့်မှု ပြုလုပ်ခဲ့သည်။

**ဖြစ်ရပ်မှန်(၇)။ ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁၄ ရက်တွင် ရှမ်းပြည်နယ်၊ နမ္မတူမြို့နယ်တွင် ရွာသား ၃ ဦးအား RCSS/SSA စစ်သားများမှ ဖမ်းဆီးခဲ့ခြင်း။ (တအာင်းအမျိုးသမီးအစည်းအရုံးမှ မှတ်တမ်းတင်ထားသည်)။**

ရှမ်းပြည်ပြန်လည်တည်ထောင်ရေးကော်မတီ/ ရှမ်းပြည်တပ်မတော်မှ စစ်သားများသည် ရွာသား ၃ ဦးအား TNLA နှင့် ဆက်သွယ်သည်ဟုဆိုကာ ဖမ်းဆီးနှိပ်စက်ခဲ့သည်။ တောထဲတွင် မျှစ်ချိုးပြီးပြန်လာသည့် ရွာသား ၃ ဦး သည် RCSS/SSA စစ်သားများနှင့် တွေ့ကြရာ စစ်သားများက ရွာသားများအား ဖမ်းဆီးပြီး ငွေများယူသွား သည်။ ရွာသားများမှာ ၂ ရက်ကြာ ဖမ်းဆီးခံရပြီး RCSS/SSA ခေါင်းဆောင်များက ရွာသားများအား စစ်ဆေးကာ အပြစ်မရှိကြောင်း တွေ့ရှိပြီးနောက် ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁၆ ရက်နေ့တွင် ပြန်လည်လွတ်မြောက်လာသည်။ ရွာသားများအား ၂ရက်ကြာ စစ်ဆေးနေစဉ်အတွင်း RCSS/SSA စစ်သားများက ရွာသားများအား သစ်ပင်တွင် ကြိုးချည်ကာ ဝါးလုံး၊ သေနတ်ဒင်တို့ဖြင့် ရိုက်နှက်ကြသည်။

**ဖြစ်ရပ်မှန် (၈)။ ၂၀၁၈ ခုနှစ် မတ်လတွင် ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့နယ်ရှိ ရွာသား ၅ ဦး အား မတရားဖမ်းဆီးပြီးနောက် ပျောက်ဆုံးနေခြင်း။ (တအာင်းအမျိုးသမီး အစည်းအရုံးမှ မှတ်တမ်းတင်ထားသည်)။**

RCSS/SSA နှင့် TNLA တို့ တိုက်ပွဲဖြစ် ပွားပြီးနောက် RCSS/SSA စစ်သားများသည် တအာန်းရွာသား ၅ ဦး အား မတရားဖမ်းဆီးပြီး နောက် ပျောက်ဆုံးနေသည်။ အဆိုပါ ရွာသားများသည် တိုက်ပွဲအတွင်း ဘုန်းကြီးကျောင်း တွင် ခေတ္တခိုလှုံပြီးနောက် ရွာသို့ပြန်လာစဉ် ဖမ်းဆီးခံရခြင်းဖြစ်သည်။ မျက်မြင်သက်သေများ၏အဆိုအရ ၎င်းတို့အား "TNLA စစ်သားများရွာအတွင်း နေထိုင်ခြင်း ရှိ၊ မရှိ" မေးမြန်း ကြသည်။ ၎င်းတို့အား ဖမ်းဆီးသွားသည်မှာ ၁၁ လ ကြာမြင့်ပြီဖြစ်သော်လည်း ၎င်းတို့အား ပြန်တွေ့ ခြင်း မရှိသေး ပေ။

**ဖြစ်ရပ်မှန် (၉)။ ၂၀၁၈ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့တွင် ရှမ်းပြည်မြောက်ပိုင်း ကျေးရွာ ၂ ရွာမှ ရွာသား ၄ ဦး အား RCSS/SSA စစ်သားများမှ မတရားဖမ်းဆီးပြီးနောက် ပျောက်ဆုံးနေခြင်း။ (တအာင်းအမျိုးသမီး အစည်းအရုံးမှ မှတ်တမ်းတင်ထားသည်)။**

ဇူလိုင်လ ၃၁ ရက်နေ့တွင် RCSS/SSA စစ်သားများသည် ရွာသား ၄ ဦးအား ရွာနှစ်ရွာအကြား လမ်းပေါ်တွင် ဖမ်းဆီးပြီးနောက် ပျောက်ဆုံးနေခြင်းဖြစ်သည်။

> *"ကျနော်တို့ တဖက်ရွာက ဈေးကိုသွားနေတဲ့အချိန်မှာ ဘယ်စစ်သားကိုမှ မတွေ့မိဘူး။ အိမ်ပြန်လာတဲ့ အချိန်ကျမှ အနောက်ကို ပြန်ကြည့်တော့ ကျနော့် သူငယ်ချင်းတွေကို RCSS/SSA စစ်သားတွေ ဖမ်းဆီးထားတာတွေ့ရတယ်။ ဒါနဲ့ ကျနော်လည်း အိမ်အပြန် ပြန်ပြီး ရွာလူကြီးကို အကျိုးအကြောင်းပြောပြခဲ့တယ်"*
>
> ဟု မျက်မြင်တစ်ဦးက ပြောသည်။

ထိုနေ့ နံနက်တွင် RCSS/SSA စစ်သားများက ဈေးရှိသည့်ရွာမှ ကျေးရွာအုပ်ချုပ်မှူးအား ဖုန်းဆက်ပြီး ပျောက်နေသည့် ရွာသားများအကြောင်း လူသိထင်ရှား ပြောဆိုပါက ရွာကို မီးရှို့ပစ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။ ထိုရွာမှ ရွာသားများသည် RCSS/SSA စစ်သားများ၏ ပစ်မှတ်ထားခြင်းခံရပြီး ဖမ်းဆီးခံရသည့် ရွာသားများ မည်သည့်နေရာတွင် ရှိသည်ကို မသိကြပေ။

> *တစ်ဖက်ရွာမှ ရွာသားများက*
>
> *"RCSS/SSA ကို ဖမ်းဆီးထားတဲ့ စစ်သားတွေကို လွှတ်ပေးဖို့နဲ့ နောက်ထပ် ဖမ်းဆီး မှုတွေ မလုပ်ဖို့ မေတ္တာရပ်ခံထားပါတယ်။ ကျနော်တို့ရွာသားတွေ ဒီပဋိပက္ခတွေထဲမှာ မပါတဲ့ အတွက် လက်နက် ကိုင်အဖွဲ့တွေအနေနဲ့ ကျနော်တို့ကို ခွဲခြားစာခံ မလုပ်သင့်ပါဘူး"*

**ဖြစ်ရပ်မှန် (၁၀)။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ရခိုင်ပြည်နယ် စစ်တွေရှိ ရခိုင်ခေါင်းဆောင်နှစ်ဦးအား မြန်မာအာဏာပိုင်များမှ ဖမ်းဆီးခဲ့ခြင်း။ (ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များအစည်းအရုံး မှ မှတ်တမ်းတင်ထားသည်)။**

၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ဦးအောင်သာထွန်း၏ သားဖြစ်သူ စာရေးဆရာ ကိုဝေဟင်အောင် (ခ) အောင်ကျော်ဝင်း (၃၅ နှစ်) အား ရခိုင်ပြည်နယ်မြို့တော်ရှိ ၎င်းတို့အိမ်တွင် စစ်တွေရဲစခန်းမှ လာရောက်ဖမ်းဆီးခဲ့သည်။ ရသေ့တောင်မြို့နယ်တွင် ၂၀၁၈ ခုနှစ် ဇန်လဝါရီ ၁၅ ရက်က ကျင်းပခဲ့သည့် ၂၃၃ ကြိမ်မြောက် ရခိုင်ဘုရင့်နိုင်ငံတော် ကျဆုံးသည့် အခမ်းအနားတွင် မိန့်ခွန်းပြောပြီးနောက် အဖမ်းခံရခြင်း ဖြစ်သည်။



ရခိုင့်ဘုရင့်နိုင်ငံတော်ကျဆုံးသည့် အခမ်းအနားအပြီး အဖမ်းခံရသော ကိုဝေဟင်အောင်
ဓါတ်ပုံ - AASYC

အစိုးရက ၎င်းအား စွဲချက် ၃ ခုဖြင့် တရားစွဲသည်။ ရသေ့တောင်မြို့နယ် ရဲစခန်းမှူး ကျော်နက ၎င်းအား မတရားသင်း ဥပဒေ (၁၇/၁) ဖြင့် တရားစွဲပြီး။ ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၂၂ နှင့် ၅၀၅ (ခ) (ဂ) တို့အရ နိုင်ငံတော် ပုန်ကန်မှု၊ နိုင်ငံတော် အကြည်ညိုပျက်စေမှုတို့ဖြင့် စစ်တွေမြို့နယ် ဒုတိယ အုပ်ချုပ်ရေးမှူး ခင်မောင်ဦးက တရားစွဲ ခဲ့သည်။

အလားတူပင် ရခိုင်နိုင်ငံရေးသမားဖြစ်ပြီး အမ်းမြို့နယ် မဲဆန္ဒနယ်မှ အောက်လွှတ်တော် (ပြည်သူ့လွှတ်တော်) အမတ်တစ်ဦးဖြစ်သူ ဦးအေးမောင် (အသက် ၆၀) အားလည်း ရသေ့တောင်မြို့နယ်တွင် ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်တွင် ကျင်းပသည့် ၂၃၃ ကြိမ်မြောက် ရခိုင်ဘုရင့်နိုင်ငံတော် ကျဆုံးခြင်း အထိမ်းအမှတ်နေ့တွင် မိန့်ခွန်းပြောကြားသည့်အတွက် စစ်တွေရှိ ၎င်းနေအိမ်တွင် စစ်တွေရဲစခန်းမှ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်တွင် လာရောက်ဖမ်းဆီးခဲ့သည်။ ၎င်း၏ မိန့်ခွန်းတွင် မြန်မာအစိုးရ၏ နိုင်ငံရေးအရ အားနည်းချက်ကို အခွင့်ကောင်းယူကာ ရခိုင့်အချုပ်အခြာကိုရအောင် ယူရမည်ဟု ရခိုင်ပြည်သူလူထုအား တိုက်တွန်းခဲ့သည်။ ၎င်းအား မတရားသင်း ဥပဒေပုဒ်မ ၁၇/၁၊ ရာဇသတ်ကြီးဥပဒေ ၁၂၂ နှင့် ၅၀၅ (ခ) (ဂ) တို့အရ နိုင်ငံတော် ပုန်ကန်မှု၊ နိုင်ငံတော် အကြည်ညိုပျက်စေမှုတို့ဖြင့် ရသေ့တောင်မြို့နယ် ရဲစခန်းမှူး ကျော်နနှင့် ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ် ဒုတိယ အထွေထွေအုပ်ချုပ်ရေးမှူး ခင်မောင်ဦးတို့က တရားစွဲခဲ့သည်။ ၄င်းတို့နှစ်ဦးအား စစ်တွေအကျဉ်းထောင်တွင် ထိန်းသိမ်းထားပြီး ဒီဇင်ဘာ ၂၀၁၈ ခုနှစ်တွင် ၃၁ ကြိမ်မြောက် တရားရုံးတင် စစ်ဆေး ကြားနာမှုပြုလုပ်ခဲ့သည်။



ပြည်သူလွှတ်တော်အမတ် ဦးအေးမောင် (ဓါတ်ပုံ - AASYC)

**ဖြစ်ရပ်မှန် (၁၁)။ ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့တွင် ချင်းပြည်နယ်၊ ပလက်ဝမြို့နယ် ကြူ... ....ရွာ တွင် ၂၈ နှစ် အရွယ် အမျိုးသမီးတဦး သေဆုံးပြီး ၂ ဦး ဒဏ်ရာရရှိသွားသည့် သီးခြားစီ မိုင်းပေါက်ကွဲမှုများ ဖြစ်ပွားခဲ့သည်။ (ချင်းလူ့အခွင့်အရေးအဖွဲ့မှ မှတ်တမ်းတင်ထားသည်)**

ကြူ... ...ရွာမှ မိနစ် ၃၀ ခန့် လမ်းလျှောက်ရသည့် ကေ.....ရွာအနီးတွင် မိုင်းနင်းမိပြီး ၂၈ နှစ် အရွယ် အမျိုးသမီးတစ်ဦး သေဆုံးကာ ၁၈ နှစ်အရွယ် အမျိုးသမီးတစ်ဦး ဒဏ်ရာရသွားသည်။ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၃ ရက် တွင်လည်း ပလက်ဝမြို့နယ်တွင် ၃၅ နှစ်အရွယ် အမျိုးသားတဦး မိုင်းနင်းမိပြီး ခြေထောက်တွင် ဒဏ်ရာပြင်းထန်စွာ ရရှိသွားသည်။ ရွာသားများ သည် မိုင်းနင်းမိမည်စိုး၍ တောတွင်းသို့ရှောင် ကွင်းသွားလာကြရသည်။ ရခိုင့်တပ်မတော် အနေဖြင့် အဆိုပါဒေသတွင် လှုပ်ရှားသွားလာနေ သော်လည်း မည်သူထောင်သည့် မိုင်းဖြစ်သည် ကို မည်သူမျှ အတိအကျ မပြောနိုင်ကြချေ။



မြေမြှုပ်မိုင်းကြောင့် ဒဏ်ရာရရှိသူတစ်ဦး၊ ပလက်ဝ၊ ချင်းပြည်နယ်။
(ဓါတ်ပုံ - CHRO)

# နိဂုံး

ယခုအစီရင်ခံသည့်ကာလအတွင်း ND-Burma အနေဖြင့် ယခင်နှစ်များက ကောက်ခံရသည့် လူ့အခွင့်အရေး ချိုးဖောက်မှု အရေအတွက်နည်းတူပင် အခက်အခဲများကြားမှ မှတ်တမ်းတင်နိုင်ခဲ့ခြင်းက နိုင်ငံတစ်ဝှမ်း နေရာဒေသ အတော်များများတွင် ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခအတွင်း အရပ်သားများသည် ယခင်ကဲ့သို့ပင် နစ်နာခံစားရသူများအဖြစ် ဆက်ရှိနေသည်ကို ညွှန်ပြနေသည်။

တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်အားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတချို့က လက်မှတ်ရေးထိုးထားပြီး မြန်မာအစိုးရက ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရေးအား တည်ဆောက်မည်ဟု သံမိဋ္ဌာန်ချထားသည် ဆိုသော်လည်း လူ့အခွင့်အရေးချိုးဖောက်မှုများမှာ ထိတ်လန့်စရာကောင်းလောက်အောင်ပင် စစ်ဖြစ်နေသည့်ဒေသတွင်ရော စစ်မဖြစ်သည့်ဒေသတွင်ပါ အကြီးအကျယ်ဖြစ်ပွားနေသည်။

အစီရင်ခံသည့် ကာလအတွင်း တပ်မတော်နှင့် EAOs များ အထူးသဖြင့် ကချင်၊ ရှမ်းနှင့် ရခိုင်ပြည်နယ်များတွင် တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားသဖြင့် စစ်ပွဲအတွင်း အရပ်သားများအပေါ် ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ND-Burma အနေဖြင့် မှတ်တမ်းတင်နိုင်ခဲ့သည်။ ချိုးဖောက်မှု အများစုကို အစိုးရတပ်များက ကျူးလွန်ပြီး လက်နက်ကိုင် မဟုတ်သူများအပေါ် မကြာခဏ ရက်ရက်စက်စက် ကျူးလွန် ကြခြင်းဖြစ်သည်။ အရပ်သားများ နေထိုင်ရာအနီးသို့ အစိုးရလုံခြုံရေးတပ်ဖွဲ့များက မဆင်မခြင် ပစ်ခတ်ခြင်းနှင့် လေကြောင်းမှ ဗုံးကြဲခြင်းတို့ကြောင့် ဖော်မပြနိုင်လောက်သည့် သေဆုံး၊ ဒဏ်ရာရမှုများနှင့် ထောင်နှင့်ချီပြီး အိုးအိမ်ရွှေ့ပြောင်းရမှုများ ကချင်နှင့် ရှမ်းပြည်နယ်တို့တွင် ဖြစ်ပွားလျှက်ရှိသည်။

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှလည်း အရပ်သားများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန် ကြသည်။ မိုင်းထောင်ခြင်းလည်း အပါအဝင်ဖြစ်ပြီး စစ်ဖြစ်သည့်ဒေသအတွင်း သေဆုံး၊ ဒဏ်ရာရမှုများတိုးလာ စေသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် တစ်ခါတရံတွင် ရပ်ရွာများအနီး တပ်စွဲထားမှုကြောင့် အစိုးရတပ်များအား လက်နက်ကြီး၊ လက်နက်ငယ်တို့ဖြင့် ပစ်ခတ်ရန် ဆွဲဆောင်သလို ဖြစ်ရသည်။ တခြား တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းနှင့် ဆက်နွယ်မှု ရှိသည်ဟု သံသယဖြစ်ကာ ရွာသားများအား မတရား ဖမ်းဆီးခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် ပျောက်ဆုံးခြင်းများ ဖြစ်ပွားလျှက်ရှိသည်။


ND-Burma မှ မှတ်တမ်းတင်ထားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများအရ လူ့အသက်နှင့် ဂုဏ်သိက္ခာအပေါ် လေးစားတန်ဖိုးထားမှု နည်းပါးသည်ကို တွေ့ရသည်။ တရားဥပဒေစိုးမိုးမှုအားနည်းခြင်းနှင့် ကျူးလွန်သူများအား အပြစ်ပေးအရေးယူမှု မရှိခြင်းက နစ်နာခံစားရသူ အများစုအတွက်တရား

မှုတမှုကို မရှာဖွေနိုင်ဘဲ (သို့မဟုတ်) ၎င်းတို့ နစ်နာခံစားရမှုများအတွက် ပြန်လည်ကုစားပေးလျော်မှု တစုံတရာလက်ခံရရှိခြင်း ကင်းမဲ့စေပါသည်။ လူ့အခွင့်အရေး ချိုးဖောက်ခံရသူများ အနေဖြင့်မကြာခဏဆိုသလို အရေးပေါ်နှင့် ထိရောက်သည့် အကူအညီများဖြစ်သည့် ကျန်းမာရေး စောင့်ရှောက်မှု (သို့မဟုတ်) အသက်မွေးဝမ်းကျောင်း အထောက်အကူများ လိုအပ်နေသည့်တိုင် ရရှိခြင်းမရှိပေ။ ထို့ ကြောင့် မြန်မာအစိုးရအနေဖြင့် နစ်နာခံစားရသူများ၏ လိုအပ်ချက်ကို ဖြေရှင်းပေးမည့် ပြန်လည်ကုစားပေးလျော်မှုလုပ်ငန်းစဉ်ကို အဆောတလျင် အကောင်အထည်ဖော် ဆောင်ရွက်သင့်ပြီး လူ့အခွင့်အရေးကို လေးစားလိုက်နာသည့် စနစ်တရပ်ကို ထူထောင်ရမည်ဖြစ်သည်။


**နောက်ဆက်တွဲ ၁။ ၂၀၁၈ ခုနှစ် ဇန်နဝါရီမှ ဒီဇင်ဘာအထိ ND-Burma မှ မှတ်တမ်းတင်ထားသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများ။**



နောက်ဆက်တွဲ ၂။ ND-Burma မှ မှတ်တမ်းတင်ထားသည့် လအလိုက် လူ့အခွင့်အရေးချိုးဖောက်မှုများ (၂၀၁၈ ခုနှစ် ဇန်နဝါရီ - ဒီဇင်ဘာ)



**နောက်ဆက်တွဲ ၃။ ND-Burma မှ မှတ်တမ်းတင်ထားသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် လူ့အခွင့်အရေးချိုးဖောက်မှုများ။ ၂၀၁၈ ခုနှစ် ဇန်နဝါရီ - ဒီဇင်ဘာ။**



GPO 315
Chiang Mai 50000
Thailand
+66 (0) 53 304 404
office@nd-burma.org
www.nd-burma.org